# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ဩဂုတ်လ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၇၈)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ၈-၉-၂၀၂၄၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy တွင် ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ❍

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၈ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမို အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဧလ

**ယနေ့ ဖတ်စရာအညွှန်း**


ကညန မှတ်ပုံတင်ပေးပြီးသော EV ယာဉ်အစီးရေ ၄၈၀၀ ကျော်ရှိလာ

စာမျက်နှာ ၁၃

အင်အားပြင်းထန်သော ယာဂီတိုင်ဖုန်းမုန်တိုင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်လာ

စာမျက်နှာ ၁၈



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၂၂) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၈ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့

စာပေသည် လူမျိုး၏ဂုဏ်ရောင်ဆိုလျှင် လူတိုင်းသည်လည်း စာတတ်ရန်လိုမည်ဖြစ်သည်။ လူတိုင်းစာတတ်မှ လူမျိုးဂုဏ်ဆောင်နိုင်မည်ဖြစ်သည်။ စာသည် ကိုယ်ရေးကိုယ်တာကိစ္စများ လုပ်ငန်းဆိုင်ရာအကြောင်းအရာများကို မှတ်သားထားသောအရေးအသားဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေးအကြောင်းအရာများကို စာဖြင့်ပင် မှတ်တမ်းတင်ရေးသားထားကြသည်။ စာသည် လူ့လောကတွင် လူအချင်းချင်းဆက်ဆံရာ၌ မရှိမဖြစ်အရာပင်ဖြစ်သည်။

"ကကြီး"ကို ပုတ်လောက် ရေးပြ၍ "ကကြီး" မှန်းမသိသော ဘဝ လူဖြစ်ရှုံးစေသည်။ ရှေးအခါက ယောက်ျားများ စာမတတ်လျှင် အကန်း၊ မိန်းမများ ရက်ကန်းမတတ်လျှင် အကျိုးဟု ဆိုရိုးပြုခဲ့ကြသည်။ အမှန်တော့ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ စာမတတ်လျှင် မျက်စိရှိပါလျက် ကြောင်တောင်ကန်းနေသည်သာဖြစ်သည်။

စာတတ်မြောက်ရေးဆိုသော စကားကလည်း အလွန်ကျယ်ဝန်းလှပြီး လူတိုင်းလူတိုင်း အရေး၊ အဖတ်အတွက် ပညာတတ်မြောက်နေမှုကို ဆိုလိုသည်။ "အသုံးလုံးကျေ" အဆင့်မှာ အခြေခံအဆင့်ဖြစ်သည်။ ထိုအဆင့်နှင့်လည်း ရပ်တန့်မနေသင့်ပါ။ ခေတ်မီတိုးတက်သော အသိပညာ၊အတတ်ပညာများ ဆက်လက်လေ့လာဆည်းပူးနိုင်သည်အထိ စာတတ်မြောက်ရန်လိုအပ်မည်ဖြစ်သည်။ သို့မှသာ မိမိနိုင်ငံနှင့် မိမိလူမျိုးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စာမတတ်သူ ပပျောက်ရေးအတွက် အလေးထားဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကြီးမှူး၍ ၁၉၆၅ခုနှစ် စက်တင်ဘာလတွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကမ္ဘာ့စာတတ်မြောက်ရေးကွန်ရက်တစ်ရပ်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးကို နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ပါရဂူများ တက်ရောက်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စာတတ်မြောက်ရေးလှုပ်ရှားမှု အရှိန်အဟုန်တိုးတက်လာစေရန်အတွက် တီဟီရန်ကွန်ဂရက် စတင်ကျင်းပခဲ့သော စက်တင်ဘာ ၈ ရက်နေ့ကို စာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။

၂၀၂၄ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်မှာ "အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံ ပညာရေးကို မြှင့်တင်ကြပါစို့" ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်၏ ပယောဂများကြောင့် စာမတတ်သူဦးရေပေါများခဲ့သည်။ လက်ဗွေအမှတ်၊ ကြက်ခြေခတ်နှင့် မျက်ခြည်ပြတ်ကာ ခေတ်နောက်ကျခဲ့သည်။ သို့သော် မြန်မာနိုင်ငံ၏ စာမတတ်သူပပျောက်ရေးလှုပ်ရှားဆောင်ရွက်မှုမှာ အရှိန်အဟုန်ကောင်းလှသည်။ နိုင်ငံတော်အစိုးရသည် ၁၉၆၄ ခုနှစ်ကစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာမတတ်သူပပျောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကျောင်းသားများသည် လယ်ကွင်းကိုဖြတ် ရိုးပြတ်ကိုကျော် တောင်ပေါ်အထိ တက်၍ စာတတ်မြောက်ရေး လုပ်အားပေးခဲ့ကြသည်။

သို့ဖြစ်ရာ ပညာရေးဝန်ကြီးဌာနက စာမတတ်သူပပျောက်ရေးအတွက် စာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုတည်ထောင်ရန် လူတိုင်းစာတတ်မြောက်မှုသည် အရေးကြီးဆုံးဖြစ်ပေရာ လူတိုင်းစာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၇**

၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်ရှိ ဇေါင်းတော်ကျ ဆုတောင်းပြည့်မြတ်စွာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ကတ်မရှိသူများအတွက်ကိုလည်း လုပ်ဆောင်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာသူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ ဟောပြောပွဲသို့ အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂)ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ ပုလဲငွေရောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း(၇၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၃၇)**

## ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာရေးစပ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၇**

အောက်တိုဘာ ၅ ရက်နေ့တွင်ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့် အခြေခံပညာအထက်တန်း၊ အခြေခံပညာအလယ်တန်း စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရေးစပ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။



အဆိုပါ စာစီစာကုံးနှင့် ကဗျာရေးစပ်ပြိုင်ပွဲကို ချမ်းအေးသာစံမြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး စာစီစာကုံးပြိုင်ပွဲ၌ အထက်တန်းအဆင့်တွင် "ပညာဥယျာဉ်မှူး" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၃၂ ဦး၊ အခြေခံပညာအလယ်တန်းအဆင့်တွင် "ဆရာမပြ နည်းမကျ" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၄၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကဗျာရေးစပ်ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲ၌ "ကြယ်ခုဝံပမာ မြတ်ဆရာ" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ပြိုင်ပွဲ၌ "ဆရာသခင် ကျေးဇူးရှင်" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာရေးစပ်ပြိုင်ပွဲသို့ ချမ်းအေးသာစံမြို့နယ်တာဝန်ခံ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုလွင်၊ ဒုတိယပညာရေးမှူး ဦးသူရိန်စိုးနှင့်တာဝန်ရှိသူများ၊ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲများသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၄)**

## ကျောက်ဆည်မြို့နယ်၌ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကွန်ကရစ်လမ်းများခင်းပေး

**ကျောက်ဆည် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အိမ်ထောင်စု(၇၁)စု လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ရဲမအုကျေးရွာအုပ်စု၊ ဝမ်းကာဆိပ်ကျေးရွာတွင် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်များ ခင်းပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းပေးရာတွင် (VDP) စီမံကိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် (VDP)စီမံကိန်းအရ လုပ်ငန်းများဆောင်ရွက်ရာ၌ နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေများနှင့် အတူ ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ပြည်သူများအနေဖြင့် ကွန်ကရစ်လမ်းများအား ပိုမိုတန်ဖိုးထားပြီး ရေရှည်တည်တံ့ခိုင်မြဲရေး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့်စိတ်များ ကိန်းအောင်းလာပြီး အခြားဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ထိန်းသိမ်းစောင့်ရှောက်တတ်လာမည်ဖြစ်သည်။

ရဲမအုကျေးရွာအုပ်စု၊ ဝမ်းကာဆိပ်ကျေးရွာတွင် အိမ်ခြေ(၇၁)အိမ်၊ အိမ်ထောင်စု(၇၁)စု၊ လူဦးရေ (၂၄၀)ဦး နေထိုင်လျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်အသက်မွေးကြပြီး ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းပြီးပါက မြို့ပြနှင့် မခြား သွားလာနိုင်ပြီး ကျေးရွာပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၈လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

○ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Academy သို့ ရောက်ရှိကြပြီး တက္ကသိုလ်ပရိဝုဏ်အတွင်း ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု၊ တက္ကသိုလ်အတွင်း ဘွဲ့နှင်းသဘင်ခန်းမနှင့် စာသင်ဆောင်များ ဆောက်လုပ်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး တက္ကသိုလ်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဗုဒ္ဓဂယာ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ရေချမ်းများ ကပ်လှူပူဇော်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Polytechnic University သို့ရောက်ရှိကြပြီး ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု၊ အဆောက်အဦများ ဆောက်လုပ်လျက်ရှိမှုနှင့် ဘောလုံးကွင်း တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ဗုဒ္ဓဂယာ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်မှတ်တမ်း ဓာတ်ပုံများ ပြခန်းအတွင်းလှည့်လည်ကြည့်ရှုပြီး စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညို၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုစလိန္ဒာရေအိုင်နှင့် နဂါးရုံဘုရား၊ မြတ်စွာဘုရား တရားဦးဟောတော်မူရာ ဣသိပတန မိဂဒါဝုန်တော၊ မြတ်စွာဘုရားမဟာပရိနိဗ္ဗာန်စံဝင်တော်မူရာ အင်ကြင်းတောနှင့် မြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်တို့ကို လှည့်လည်ဖူးမြော်ကြည်ညို၍ သံဃာတော်များ နားနေဆောင်များနှင့် ဓမ္မာရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြမှုများအပေါ် စေတီတော်ကြီး ပရိဝုဏ်တော်အတွင်း ချုံနွယ်ပေါင်းမြက်များမရှိစေရေး ဆောင်ရွက်ရန်၊ အမြဲသန့်ရှင်း သာယာလှပနေစေရေး ဆောင်ရွက်ရန်၊ စေတီတော်ကြီးနှင့် အခြားအဆောက်အဦများ ရေရှည်တည်တံ့စေရေး စနစ်တကျပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားရန်၊ သံဃာတော်နားနေဆောင်များ သန့်ရှင်းမှုရှိနေစေရေး ဆောင်ရွက်ရန်၊ ဓမ္မာရုံကြီး၏ မျက်နှာကြက်နှင့် ကြမ်းခင်းပျက်စီးနေမှုများအား စနစ်တကျ ပြုပြင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက် ဝဇီရာဓမ္မဇောတိကာ သိမ်တော်ကြီးသို့ ရောက်ရှိပြီး သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ဆက်လက်၍ ကျောင်းထိုင်ဆရာတော် ဝိနယဓရ၊ ဥဘတောဝိဘင်္ဂ ကောဝိဒ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တ ဇောတိဝရ အား ဖူးမြော်ကြည်ညို၍ စာသင်သံဃာများ စာသင်ကြားနေမှု အခြေအနေများနှင့် ကျောင်းအတွက် လိုအပ်ချက်များကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဗုဒ္ဓဂယာတွင် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။





**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Polytechnic University တွင် ကြည့်ရှုစစ်ဆေးစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◆ စာမျက်နှာ ၂၄ မှ

ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိအခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ် ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီ သစ်ပင်စိုက်ပွဲများကို ပြုလုပ်လျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေးစသည့် တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးကို

အထောက်အကူပြု

"မိုးပေါ်ကရေ၊ မြေပေါ်ကတော၊ မိုးရေကို ငွေလိုစု၊ ရွှေဥတဲ့တော" ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များ၊ ရေသယံဇာတများကို ထိန်းသိမ်းပေးသည့်အတွက် အလွန် အဖိုးတန်လှကြောင်း၊ သစ်ပင်များ၏ အမြစ်များသည် မြေဆီလွှာကိုကုပ်တွယ်ထိန်းသိမ်းထားပြီး ရွက်အုပ်ပင်စည်များနှင့် အတူ မြေပြင်တွင် ရေစီးဆင်းမှု၊ ရေစိမ့်ဝင်မှုများကို ထိန်းချုပ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် သဘာဝရေစစ်ကန်၊ ရေလှောင်ကန်များသဖွယ် အကျိုးပြုလျက်ရှိပြီး စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိကြောင်း။

ရေချိုအရင်းအမြစ်များ ဖြစ်သည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ဆည်တာတမံများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသရှိ သစ်ပင်သစ်တောများကို ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ "ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ၊ သစ်ပင်ရံမှ သဏ္ဌာန်လှပမြဲထာဝရ" ဆိုသည့်အတိုင်း သစ်ပင် သစ်တောများရှိမှသာ မြေတိုက်စားမှု၊ ရေတိုက်စားမှုများမှ ကာကွယ်ပြီး ဆည်များ ရေရှည်တည်တံ့စေမည် ဖြစ်ကြောင်း၊ လတ်တလော ကြုံတွေ့နေရသည့်ရေကြီးရေလျှံမှုများသည်

စာမျက်နှာ ၅ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၄ မှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

ရေဝေရေလဲ သစ်တောများ အကြောင်း အမျိုးမျိုးကြောင့် ပြုန်းတီးပျက်စီးခြင်း၊ နုန်းအနည်အနှစ်များ ပို့ချမှုများခြင်း၊ ရေစီးရေလာများ ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် ပျက်စီးခြင်း၏ အကျိုးဆက်များပင်ဖြစ်ကြောင်း။

**အမြဲမပြတ် ပြုစု ထိန်းသိမ်းစောင့်ရှောက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိစေရန်၊ အပူဒဏ် လျော့ပါးသက်သာစေရန်၊ ကျေးလက်နေပြည်သူများအတွက် ထင်း၊ တိုင်၊ မျှောစသည့် အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် သစ်တောစိုက်ပျိုးရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် အမြဲမပြတ်ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီးကြောင်း။

ယခုနှစ်အတွင်း မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကို လေ့လာကြည့်ပါက ယခင်က တစ်ခါတစ်ရံသာ ရေကြီးခဲ့သည့် မြို့များ၌ ယခုအခါ နှစ်စဉ်ဆိုသလို ရေကြီးရေလျှံမှုများ ကြုံတွေ့လာရသည်ကို တွေ့ရကြောင်း၊ သဘာဝကို ကောင်းအောင် ဖန်တီးသည်မှာ လူသားများဖြစ်သကဲ့သို့ ဆိုးအောင် ဖန်တီးသည်မှာ လူသားများပင်ဖြစ်ကြောင်း၊ လူသာလျှင် ပဓာနဖြစ်သည့်အတွက် သဘာဝသစ်တောများ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောပါးနေရာများတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက် သွားကြမည်ဆိုလျှင် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာကာကွယ်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း။

"သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးမှု" ဟု ဆိုသည့်အတိုင်း သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်း ပြုစုစောင့်ရှောက်မှသာ နောင်သားစဉ် မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး သဘာဝအရင်းအမြစ်များက ကြွယ်ဝသည့် ပတ်ဝန်းကျင်ကောင်း တစ်ခုကို လက်ဆင့်ကမ်းပေးနိုင်မည် ဖြစ်ကြောင်း။

နိုင်ငံအဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသ အသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း Landscape များကို စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထား ဆောင်ရွက်ပေးကြရန်၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကံ့ကော်ပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

**ပျိုးပင်များစိုက်ပျိုးပေး**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် တတိယအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ နိုင်ငံအဆင့် သစ်ပင်စိုက်ပွဲတော် ၁၀ ကြိမ်၊ စိုက်ပင်ပေါင်း ၁၇၆၇၇ ပင်၊ နိုင်ငံနှင့်အဝန်း သစ်ပင်စိုက်ပွဲတော် ၁၅၈၄ ကြိမ်၊ စိုက်ပင်ပေါင်း ၁ ဒသမ ၁၃၈ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်လျက်ရှိရာ၌ ယခုနှစ် အပါအဝင် နိုင်ငံအဝန်း သစ်ပင်ပေါင်း ၂၂ ဒသမ ၈၅၆ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ **ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ နိုင်ငံအဆင့် သစ်ပင်စိုက်ပွဲတော် ၁၀ ကြိမ်၊ စိုက်ပင်ပေါင်း ၁၇၆၇၇ ပင်၊ နိုင်ငံနှင့် အဝန်း သစ်ပင်စိုက်ပွဲတော် ၁၅၈၄ ကြိမ်၊ စိုက်ပင်ပေါင်း ၁ ဒသမ ၁၃၈ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ်၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်လျက်ရှိရာ၌ ယခုနှစ် အပါအဝင် နိုင်ငံအဝန်း သစ်ပင်ပေါင်း ၂၂ ဒသမ ၈၅၆ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၇ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်ထားလိုက်သည်-

(၁) ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမှုန်း
ဂေါပကအဖွဲ့ဝင်
စိန်မေရီကက်သလစ်ဘုရားကျောင်း

(၂) ဦးသန်းဝင်း
ဂေါပကအဖွဲ့ဝင်
ပိန္နဲကုန်းဂျာမေဗလီ

(၃) ဦးတင်ကိုကို
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၈ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ်အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဟန်ကျင့်ဇမ်း အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်ကို နံနက်ပိုင်းတွင် အဆိုပါလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ပညာရေးဝန်ကြီးဌာန အသင်းက သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ၂၀၂၄ ခုနှစ် အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို နယ်စပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။(အပေါ်ပုံ)





၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၉ ရက်ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆီထွက်ပဲပုပ်စိုက်ပျိုးရေးကွင်းသရုပ်ပြပွဲ ကျင်းပ

**ပင်လုံ စက်တင်ဘာ ၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်းသည် မျိုးစေ့ညွှန်ကြားရေးမှူး ဦးသီဟထွန်း၊ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး စိုက်ကွင်းတွင် ဆီထွက်ပဲပုပ်စိုက်ပျိုးရေး ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ပဲပုပ်စိုက်တောင်သူများနှင့်တွေ့ဆုံ၍ မေးမြန်းဆွေးနွေးပြီး အခက်အခဲများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရှမ်းပြည်နယ်အတွင်း စားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် ပဲပုပ်၊ နေကြာ၊ မြေပဲတို့ကို စိုက်ပျိုးပြီး ပြည်နယ်အတွက် တစ်ဖက်တစ်လမ်း အထောက်အကူပြုစေရန် ရည်ရွယ်၍ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များကို ရွေးချယ်စိုက်ပျိုးကြရန်နှင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တွင် ဆီထွက်ပဲပုပ်ကို မူလက ဧက ၃၆၀၀ စိုက်ပျိုးကြောင်း၊ ယခုအချိန်တွင် ပဲပုပ်စိုက်ဧက ၃၉၀၀ အထိ တိုးချဲ့စိုက်ပျိုးထားကြောင်း၊ တစ်နည်းအားဖြင့် တိရစ္ဆာန်အစာ ပဲပုပ်မှုန့်ကို ပြည်ပမှ ဝယ်ယူတင်သွင်းမှု လျှော့ချနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်လုံစိုက်ပျိုးရေးရုံးအတွင်း စိုက်ပျိုးထားသည့် ပြောင်း၊ မြေပဲနှင့် အခြားသီးနှံများ စိုက်ပျိုးအောင်မြင်နေမှုကိုလည်းကောင်း၊ ကော်ဖီပျိုးဥယျာဉ်သို့လည်းကောင်း၊ ရုံးအတွင်းကပ်ထားသည့် တောင်သူပညာပေး ပိုစတာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀

**ပန်းမန်သစ်ပင် လေသန့်စင်၍**

**ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေး

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတိယစွယ်တော်မြတ်စေတီတော်နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(မန္တလေး) သို့ ရောက်ရှိပြီး စေတီတော်ပရဝဏ် အရပ်မျက်နှာ

**စာမျက်နှာ ၈ သို့** ■























■ စာမျက်နှာ ၇ မှ

များအလိုက် နေ့နံများရှိ သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာများတွင် စကားဝါ၊ လင်းလွန်း၊ ယင်းမာ၊ ပန်းပိတောက်၊ သပြေသပြေ၊ တည်၊ အင်ကြင်း စသည့် သစ်မျိုး (၈)မျိုး (၁၆)ပင်ကို စိုက်ပျိုးကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂန္ဓကုဋိတိုက်တော်အတွင်းအပြင်နှင့် စေတီတော်ပရဝဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး စေတီတော်မြတ်ပရဝဏ်အား အစဉ်အမြဲသန့်ရှင်းသာယာလှပရေးနှင့် အမြင်တင့်တယ်ရေးတို့ကို အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန် စေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအင်္ဂါရပ်နှင့် အညီဖြစ်စေရေး၊ ဥပဓိရုပ်များ ကောင်းမွန်ရေး၊ ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းသာယာ အမြင်တင့်တယ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့ အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ခေတ်မီမီးငြိမ်းသတ်စနစ်များ လက်တွေ့သင်ကြားပို့ချ

**မန္တလေး စက်တင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်းအမှတ်စဉ်(၂၂/၂၀၂၄)သင်တန်းဆင်း မန္တလေးတိုင်းဒေသကြီးတွင် တာဝန်ကျသည့် လက်ထောက်မီးသတ်ဦးစီးမှူးများနှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များမှ တပ်ဖွဲ့ဝင်များအား စက်တင်ဘာ ၆ရက်က ချမ်းမြသာစည်မြို့နယ်၊ ၄၅လမ်း၊ ၁၁၆ လမ်းနှင့်၁၁၇လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန စစ်ရေးပြကွင်းတွင် တပ်ဆင်ထားသောခေတ်မီ မီးငြိမ်းသတ်စနစ်များ Fire Frighting Simulator အား မန္တလေးခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုမှ လက်တွေ့သင်ကြားပေးလျက်ရှိသည်။



ခေတ်မီ မီးငြိမ်းသတ်စနစ်များ လက်တွေ့သင်ကြားပေးနေမှုအား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းမှ အနီးကပ်ကြီးကြပ်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(ဝ၄၅)

## အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)စုပေါင်းသစ်ပင် စိုက်ပျိုး

**မန္တလေး စက်တင်ဘာ ၇**

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် စက်တင်ဘာ ၆ရက် ညနေပိုင်းက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းအဝင်လမ်းဘေး ဝဲ၊ ယာ စာသင်ခန်းများရှေ့နှင့် လေ့ကျင့်ရေး အားကစားရုံ၊ အားကစားကွင်းပတ်လည်တွင် ပန်းအလှပင်များ အရိပ်ရ လေကာပင်များအား စုပေါင်းစိုက်ပျိုးကြရာ ကျောင်းအုပ်ကြီး ဦးမြင့်နိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် စီမံရေးရာဌာန၊ ဝန်ထမ်းရေးရာဌာနများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(ဝ၄၅)






# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းနေမှုများကို သွားရောက်အားပေး

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံ ဆေးရုံကြီးတွင် အောက်တိုဘာ ၁ ရက်နေ့၌ ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းနေမှုများကို ယနေ့နံနက်ပိုင်းက သွားရောက်အားပေးခဲ့သည်။

အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်၊ မန္တလေးပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး နှင့် တာဝန်ရှိသူများက အရာရှိ၊ အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၁၃ ဦးမှ စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှု၍ အားပေးစကားများပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက သွေးလှူရှင်များအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း၊ သွေးအိတ်များကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်က မန္တလေးပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးထံ ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀






# သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဆန်များကို ရောင်းချပေးလျက်ရှိ

သတ်မှတ်ရည်ညွှန်းဈေးများအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်းနှင့် ဧည့်မထဆန်များကို ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

သတ်မှတ်ရည်ညွှန်းဈေးဖြင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အပါအဝင် တစ်နိုင်ငံလုံးရှိ ဆန်စက်များ၊ ဆန်ဆိုင်များ၊ ဆန်ပွဲရုံများနှင့် မြို့ကြီးများ၌ ဈေးရောင်းစင်တာများ၊ စူပါမားကက်၊ မီနီမားကက်များတွင် ရောင်းချပေးနေလျက်ရှိသည်။




မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် Good Rice & Good Price ပေါ်ဆန်းဆန်နှင့် ဧည့်မထဆန်များကို ၁၀ကီလိုအိတ်၊ ၅ကီလိုအိတ်များဖြင့် စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများ၊ ဌာနဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဖြူးပေးခြင်း၊ လက်လီဆိုင်များမှတစ်ဆင့် ဈေးကွက်အတွင်း ပေးပို့ရောင်းချခြင်း ဆောင်ရွက်လျက်ရှိရာ နေပြည်တော်-ရန်ကုန်-မန္တလေးမြို့တို့တွင် မြို့နယ်အလိုက် ဆန်ဆိုင်များ ခွဲဝေတာဝန်ပေးပြီး အဆိုပါမြို့နယ်ရှိ ဆန်ဆိုင်များမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ် အိမ်ထောင်စုများထံ ပစ္စည်းရောက်ငွေချေစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

စားသုံးသူပြည်သူများအနေဖြင့် ဝယ်ယူရန် အခက်အခဲရှိခဲ့သည်ဖြစ်စေ၊ သတ်မှတ်ဈေးနှုန်းထက် ပို၍ရောင်းချမှုများကို ကြုံတွေ့လျှင်ဖြစ်စေ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံး ဖုန်း ၀၉-၄၀၀၀၆၇၂၄၀၊ ၀၉-၄၀၀၀၆၇၂၅၀၊ ၀၉-၄၀၀၀၆၇၂၆၀ သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယခုနှစ်တွင် ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ရာ ယခင်နှစ်များထက် ပြည်တွင်းစားသုံးမှုများသည့် ဆန်များဖြစ်သော ပေါ်ဆန်း၊ ဧရာမင်း၊ မဂျမ်းတောဆန်များသည် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀-၂၅၀၀၀ ခန့် ဈေးမြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရိတ်သိမ်းဧက ၁၄ ဒသမ ၉၆၅ သန်းနှင့် အထွက်နှုန်းမှာ တင်းပေါင်း ၁၁၇၂ သန်း၊ နွေစပါးရိတ်သိမ်းဧက ၁ ဒသမ ၄၄၀ သန်းနှင့် အထွက်နှုန်းမှာ တင်းပေါင်း ၁၀၅ သန်း ထွက်ရှိခဲ့သည်။

၂၀၂၃-၂၀၂၄ခုနှစ် ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် တစ်သန်းကျော်သာ တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုတန်ချိန် ၂ ဒသမ ၅ သန်းအထိ တိုးမြှင့်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် အထိရရှိရန် မျှော်မှန်းထားသည်။

ပြည်တွင်းစားသုံးမှုများသည့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်း၊ ဧရာမင်းဆန်များကို စားသုံးမှု အများဆုံးဖြစ်ပြီး လက်ရှိ မိုးစပါး စိုက်ပျိုးပြီးစီးမှု ကောင်းသောကြောင့် ပြည်တွင်းဆန်ဖူလုံမှု ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



## မန္တလေး-ပြင်ဦးလွင် အတက်လမ်း(၂၆)မိုင်တွင် သစ်ပင်လဲကျ ရှင်းလင်းဖယ်ရှား

**ပြင်ဦးလွင် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်အတက်လမ်း မိုင်တိုင်အမှတ်(၂၆/၆)မိုင်တွင် စက်တင်ဘာ ၆ရက် နံနက်၉နာရီ မိနစ်၂၀ခန့်က မိုးရွာပြီး လေတိုက်မှုကြောင့် ညောင်ပင်လဲကျနေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင် မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ ရတနာပုံမြို့သစ်နယ် မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့်ပူးပေါင်း၍ သစ်ပင် သစ်ကိုင်းများ ရှင်းလင်းဖယ်ရှားရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)တွင် စောဖေဆိုသူ မောင်းနှင်ပြီး ကာလက်ဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၀၀၀နှင့် လက်ကိုင်ဖုန်း ၂လုံးတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် စောဖေ(၃၆နှစ်)နှင့် ကာလက်(၃၉နှစ်)ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်း တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ကလေးမြို့နယ်၊ အိတ်ဇွတ်ကျေးရွာ၊ ကွက်သစ်ရပ်ကွက်၊ အမှတ်(၁)လမ်းနေ လောမ်ဆန်းဇွာလာ(ခ) လော်မာဆိုသူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ အားတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လောမ်ဆန်းဇွာလာ(ခ) လော်မာ(၃၆)နှစ်ဆိုသူအား ကလေးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



### ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ် (NGB)

| | | | | |
|---|---|---|---|---|
| ဟရိုးကျွန်းစုများ | ၁ | - | ၁ | မက်ဆီဒိုးနီးယား |
| ဂျော်ဂျီယာ | ၄ | - | ၁ | ချက် |
| အိုင်ယာလန် | ၀ | - | ၂ | အင်္ဂလန် |
| မော်လ်ဒိုဗာ | ၂ | - | ၀ | မော်လ်တာ |
| အာမေးနီးယား | ၄ | - | ၁ | လက်ဗီးယား |

## အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း သံဘောင်တန်းအားတိုက်မိ

**မန္တလေး စက်တင်ဘာ ၇**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမိုင် တိုင်အမှတ်(၃၃၆)တွင် စက်တင်ဘာ ၆ရက် မွန်းလွဲ ၂နာရီခွဲက Toyota Hiace အမျိုးအစား ငွေရောင်ယာဉ်သည် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းတွင် ကာရံထားသောသံဘောင်တန်းအား ဝင်တိုက်မိပြီး တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် တံတားဦးမြို့နယ် စကားအင်း အမြန်လမ်းမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦး၊ စုစုပေါင်း ခြောက်ဦးအနက် အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ မစိုးရိမ်ရဒဏ်ရာ ရရှိသဖြင့် တံတားဦးဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)





## တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**မောက်မယ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးနှင့် တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမရှိစေရေး ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီမှစတင်ပြီး လင်းခေးခရိုင် လျှပ်စစ်ဓာတ်အားခွဲရုံမှူး လက်ထောက် အင်ဂျင်နီယာ ဦးကျော်မိုးအောင်နှင့် မြို့နယ်လျှပ်စစ်မှူး ဦးကျော်ဇင်ဝင်းတို့က ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရပ်ကွက်များအတွင်းရှိ ပြည်သူနေအိမ်များ၊ အသေးစားလုပ်ငန်းများဖြစ်သည့် ဆန်စက်၊ ဆီစက်၊ ရေသန့်စက်ရုံများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများ တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲမှု မရှိစေရေးနှင့် မီတာများ ရပ်၊ ပျက်၊ နှေး ဖြစ်ပေါ်မှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ကျေးရွာအုပ်စုရှိ ကျေးရွာများသို့လည်း ဆက်လက် ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူ၏ပြောကြားချက်အရ သိရသည်။

(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Thar Taw Maung" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တောဘုတ်စုကျေးရွာနေ ဖိုးချစ်အား မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Chau Chau" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗောဓိကုန်းရပ်ကွက်နေ ချူးချူးအား ည ၉ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ



## 2024 US Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Taylor Fritz တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အိမ်ရှင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင်အမေရိကန်တင်းနစ်ကစားသမား Taylor Fritz သည် 2024 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းသားဖြစ်သူ တင်းနစ်ကစားသမား Frances Tiafoe အား ၄-၆၊ ၇-၅၊ ၄-၆၊ ၆-၄၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz နှင့် အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## 2024 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Aryna Sabalenka တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဘီလာရုတင်းနစ်မယ် Aryna Sabalenka တက်ရောက်ခဲ့သည်။

အဆိုပါ ဘီလာရုတင်းနစ်မယ် Aryna Sabalenka သည် 2024 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင် အမေရိကန်တင်းနစ်မယ် Emma Navarro အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဘီလာရုတင်းနစ်မယ် Aryna Sabalenk နှင့် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Jessica P gula တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (အောက်ပုံ)

(NGB)



## မာ့ခ်ဂူဟီအား ခေါ်ယူရန် မန်ချက်စတာစီးတီးအသင်း စိတ်ဝင်စား



**မန်ချက်စတာ စက်တင်ဘာ ၇**

မန်ချက်စတာစီးတီးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား မာ့ခ်ဂူဟီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၅ ပွဲကစားကာ ၅ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။ (ဝဲပုံ)

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း မာ့ခ်ဂူဟီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းအနေဖြင့် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ မာ့ခ်ဂူဟီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)

## ကာဗာဂျယ်အား စာချုပ်သက်တမ်းတိုးရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် စက်တင်ဘာ ၇**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း နောက်ခံကစားသမား ကာဗာဂျယ်အား စာချုပ်သက်တမ်းတိုးရန် လာမည့်အပတ်အတွင်း စီစဉ်သွားမည် ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၃-၂၀၁၄မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၀ပွဲ ကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်ချက်တွင် "ကာဗာဂျယ်အား စာချုပ်သက်တမ်းတိုးဖို့ လာမည့်အပတ်အတွင်း စီစဉ်သွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ (အောက်ပုံ) (NGB)




### ဘောလုံးသတင်းအတိုအထွာများ

* ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အီတလီအသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီတလီအသင်းက ပြင်သစ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

* မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းသည် Miami Freedom Parkဟု အမည်ရသော ကွင်းသစ်ကြီးကို လာမည့် ၂၀၂၆ ခုနှစ်တွင် ဖွင့်လှစ်သွားမည်ဟု အတည်ပြုကြေညာခဲ့သည်။ (NGB)

## နည်းပြ ရှောင်ဒိုက်ခ် အဲဗာတန်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၇**

အဲဗာတန်အသင်းသည် လက်ရှိအချိန် အသင်းရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြ ရှောင်ဒိုက်ခ်အား ရာထူးမှ ထုတ်ပယ်သွားဖွယ် ရှိနေသည်။



အဲဗာတန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၃ပွဲကစားအပြီးတွင် ၃ပွဲစလုံး ရှုံးနိမ့်ခဲ့ရခြင်းကြောင့် နည်းပြရှောင်ဒိုက်ခ်အား ရာထူးမှ ထုတ်ပယ်ရန် စဉ်းစားလာခြင်း ဖြစ်သည်။ (ဝဲပုံ)

နည်းပြ ရှောင်ဒိုက်ခ်သည် အဲဗာတန်အသင်းအား ၂၀၂၃ခုနှစ် ဇန်နဝါရီ ၃၀ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၇ ပွဲတွင် ၂၃ ပွဲနိုင်၊ ၁၇ပွဲသရေ၊ ၂၇ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ ရှောင်ဒိုက်ခ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း အဲဗာတန်အသင်းနည်းပြ ရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(NGB)

## ဘရာဇီးအသင်းက အီကွေဒေါအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၇**

၂၀၂၆ ကမ္ဘာ့ဖလား(တောင်အမေရိကဇုန်) ခြေစစ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဘရာဇီးအသင်းနှင့် အီကွေဒေါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးအသင်းက အီကွေဒေါအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။



ဘရာဇီးအသင်းအတွက် အနိုင်ဂိုးတစ်ဂိုးကို ပွဲချိန် ၃၀မိနစ်တွင် ရိုဒရီဂိုက သွင်းယူပေးခဲ့သည်။ (ဝဲပုံ)

ဘရာဇီးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား (တောင်အမေရိကဇုန်) ခြေစစ်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၁၁ ရက်တွင် ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရဦးမည် ဖြစ်သည်။

(NGB)

### ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၈-၉-၂၀၂၄ တနင်္ဂနွေနေ့ | ည ၇း၃၀နာရီ | လူဇင်ဘတ် - ဘီလာရုစ် | လူဇင်ဘတ် ၀-၂ ဘီလာရုစ် |
| ။ | ည ၁၀း၃၀နာရီ | ဆလိုဗက်ကီးယား - အဇာဘိုင်ဂျန် | ဆလိုဗက်ကီးယား ၁-၂ အဇာဘိုင်ဂျန် |
| ။ | ။ | ဂျီဘရော်လ်တာ - လက်ချင်စတိန်း | ဂျီဘရော်လ်တာ ၂-၀ လက်ချင်စတိန်း |
| ။ | ။ | ဒိန်းမတ် - ဆားဘီးယား | ဒိန်းမတ် ၀-၀ ဆားဘီးယား |
| ။ | ။ | ဘူလ်ဂေးရီးယား - မြောက်အိုင်ယာလန် | ဘူလ်ဂေးရီးယား ၂-၁ မြောက်အိုင်ယာလန် |
| ၉-၉-၂၀၂၄ တနင်္လာနေ့ | နံနက် ၀၁း၁၅နာရီ | ခရိုအေးရှား - ပိုလန် | ခရိုအေးရှား ၀-၁ ပိုလန် |
| ။ | ။ | ပေါ်တူဂီ - စကော့တလန် | ပေါ်တူဂီ ၂-၀ စကော့တလန် |
| ။ | ။ | ဆွီဒင် - အက်စ်တိုးနီးယား | ဆွီဒင် ၂-၁ အက်စ်တိုးနီးယား |
| ။ | ။ | ဆွစ်ဇာလန် - စပိန် | ဆွစ်ဇာလန် ၀-၁ စပိန် |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၈-၉-၂၀၂၄ တနင်္ဂနွေနေ့ | ညနေ ၃း၃၀နာရီ (ပုသိမ်ကွင်း) | (၁၀)ဧရာဝတီ - ရှမ်း(၁) (L,W,L,L,L) (D,W,W,L,W) | ဧရာဝတီ ၁-၃ ရှမ်း<br>ရှမ်း ၅-၁ ဧရာဝတီ |
| ။ | ညနေ ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | (၇)ဒဂုံမြို့ - ရန်ကုန်(၂) (L,D,W,W,D) (W,D,W,W,W) | ——— |





# မန္တလေးတိုင်းဒေသကြီးအဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပညာရှင်များ၊ ခရိုင်နှင့် တက္ကသိုလ်တို့မှ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နေပြည်တော်တွင် ကျင်းပမည့် ဗဟိုအဆင့်ပြိုင်ပွဲများ၌ တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်မည့် ထူးချွန်သော အနုပညာရှင်များကို ရွေးချယ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဘာသာရပ်အသီးသီးတွင် ပြိုင်ပွဲဝင် ၅၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူ စုစုပေါင်း ၂၀၅ ဦး ပေါ်ထွက်ခဲ့ပါကြောင်း၊ ပထမဆုရရှိသူများအနေဖြင့် ဗဟိုအဆင့်ပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်သည့်အခါ တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်ပြီး အရည်အချင်းရှိရှိ ဆုတံဆိပ်များစွာ ဆွတ်ခူးနိုင်ရန် စခန်းသွင်းလေ့ကျင့်မှုများကိုလည်း စနစ်တကျဆောင်ရွက်ကာ ကျွမ်းကျင်မှုနှင့် ယုံကြည်မှုအပြည့်အဝရရှိ

စာမျက်နှာ ၁၃ သို့











○ စာမျက်နှာ ၁၂ မှ

အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ စခန်းသွင်းလေ့ကျင့်နေစဉ်ကာလအတွင်း ကျန်းမာရေးကို အထူးဂရုစိုက်နေထိုင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဘာသာရပ်အသီးသီးမှ ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီးနောက် ဆုရရှိသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့ အုပ်ချုပ်သူထံသို့ အောင်နိုင်ရေးအလံပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









## ကညနမှ မှတ်ပုံတင်ပေးပြီးသော EV ယာဉ်အစီးရေ ၄၈၀၀ ကျော်ရှိလာ

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန) တွင် ဩဂုတ်လကုန်ထိ မှတ်ပုံတင်ပေးပြီးသော EV လူစီးယာဉ် အစီးရေ ၄၈၇၁ စီးရှိပြီဖြစ်ကြောင်း ယင်းဌာနစာရင်းများအရ သိရသည်။

ကညနအနေဖြင့် ပြည်ပမှ တင်သွင်းရောက်ရှိလာသော မော်တော်ယာဉ်နှင့် အခြားယာဉ်များကို ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးနေပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလထိ EV လူစီးယာဉ် ၄၀၉၉ စီး ရှိခဲ့သည်။ (ယာပုံ)

"EV နဲ့ပတ်သက်လို့ တင်သွင်းရာမှာ သတ်မှတ်ချက်တွေနဲ့ အညီ ခွင့်ပြုတယ်။ လျှပ်စစ်သုံးယာဉ်တွေ ရောင်းချရာမှာ အွန်လိုင်းကနေ မရောင်းဖို့နဲ့ Per Order နဲ့ ကြိုတင်မရောင်းဖို့ အသိပေးထားတာရှိတယ်။ EV နဲ့ပတ်သက်တဲ့ ဆက်စပ်လုပ်ငန်းတွေ ဆောင်ရွက်တဲ့ ကုမ္ပဏီ ၈၁ ခုထိ ရှိလာပြီ"ဟု EV တင်သွင်းသူတစ်ဦးက ပြောသည်။

လျှပ်စစ်သုံးယာဉ်တင်သွင်းမှုစာရင်းများအရ နှစ်ဘီးတပ်နှင့် သုံးဘီးယာဉ်အပါအဝင် EV လူစီးယာဉ်အစီးရေ ၁၃၈၆၃ စီးထိ ရှိလာပြီး နှစ်ဘီးတပ်(EV ဆိုင်ကယ်)အစီးရေ အများဆုံး မှတ်ပုံတင်ထားပြီး အစီးရေ ၈၅၆၉ စီး၊ သုံးဘီးယာဉ် ၄၀၂ စီး၊ ကုန်တင်ယာဉ် ၃၁ စီးနှင့် EV လူစီးယာဉ် ၄၈၇၁ စီးဖြစ်သည်ဟု ဆိုသည်။

တင်သွင်းရောက်ရှိလာသော EV ယာဉ်များရောင်းချရာတွင် C.I.F တန်ဖိုးအပေါ် ၂၀ ရာခိုင်နှုန်း ပိုမိုရောင်းချခြင်းမပြုရန် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းကော်မတီက စည်းကမ်းချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



## အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံသို့ မြန်မာ့ပြောင်း ဆက်လက်တင်ပို့နေ

စက်တင်ဘာလဆန်းပိုင်းမှ စတင်ကာ အိန္ဒိယနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံသို့ မြန်မာ့ပြောင်း ဆက်လက်တင်ပို့နေကြောင်း ပြောင်းကုန်သည်များထံမှ သိရသည်။

ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၁ရက်မှ ဩဂုတ် ၃၁ ရက်ထိ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းတင်ပို့မှု ရပ်နားသွားပြီးနောက် အိန္ဒိယနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံသို့လည်း အခွန်ကင်းလွတ်ခွင့်ဖြင့် ဆက်လက်တင်ပို့ရန်ဆောင်ရွက်နေခြင်း ဖြစ်သည်။

"ထိုင်းနိုင်ငံကတော့ အခွန်ကင်းလွတ်ခွင့်ကာလမှာပဲ တင်ပို့တယ်။ အရင်နှစ်တွေတုန်းကဆိုရင် ထိုင်းတင်ပို့မှု ပြီးသွားရင် ပြောင်းဈေးကကျဆင်းသွားတယ်။ ဒီနှစ်ကတော့ အခြားနိုင်ငံတွေကလည်း ပြောင်းဝယ်ယူဖို့ စာချုပ်ချုပ်ဆိုထားတာလည်းရှိတယ်။ ပြည်တွင်းအစာစက်ရုံတွေကလည်း ဝယ်လိုအားရှိနေတယ်။ ဒါကြောင့် ပြောင်းဈေးက ကျဆင်းသွားခြင်းမရှိဘဲ ဆက်လက်ဈေးကောင်းနေတာပါ"ဟု ပြောင်းကုန်သည်တစ်ဦးက ပြောသည်။

ပြည်တွင်း ပြောင်းထွက်ရှိမှု လျော့ကျခဲ့သော်လည်း ပြည်ပဝယ်လိုအား ဆက်ရှိနေပြီး ပြည်တွင်းမွေးမြူရေး အစာစက်ရုံများ၏ ပုံမှန်ဝယ်ယူမှုများရှိနေခြင်းကြောင့် ပြောင်းဈေးကဆက်လက်ကောင်းနေခြင်းဖြစ်သည်။

ရန်ကုန်ဈေးကွက်တွင် ပြောင်းဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀အောက်မှာရှိခဲ့ရာမှ လက်ရှိတွင် ငွေကျပ် ၁၇၅၀ကျပ်အထိ မြင့်တက်နေကြောင်း၊ နိုင်ငံခြားသင်္ဘောတင် FOB ပေါက်ဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၇၀-၂၈၀ ကြားပေါက်ဈေးရှိနေသည်။

ယခုနှစ်တွင် နယ်စပ်ကုန်သွယ်မှုများမှ ပြောင်းတင်ပို့နိုင်ခြင်းမရှိဘဲ ထိုင်းနိုင်ငံသို့ ရန်ကုန်-ကော့သောင်း-ရနောင်း ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ပြောင်းလဲတင်ပို့ခဲ့ပြီး အိန္ဒိယနှင့်ဗီယက်နမ်နိုင်ငံသို့လည်း ပင်လယ်ရေကြောင်းမှသာ ဆက်လက်တင်ပို့သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းပြောင်းထွက်ရှိမှုအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် ၂-၃သန်းကြားရှိပြီး ယခုနှစ် ပြောင်းတင်ပို့မှုရာသီအပြီး ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၁ ဒသမ ၈သန်း တင်ပို့ထားသည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရာသီအလိုက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)ရွှေမန်း



# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ ဏ္ဍာ ရာဇ် များ (၈၆)

## သွယ်အောင်

သွယ်အောင်

မေး ➤ မမေးတော့ဘူးလို့ ယူဆထားတဲ့ မေးခွန်းတစ်ခုမေးရဦးမယ်။ တောင်လေးလုံး 'ဆယ့်နှစ်မျက်နှာ နာရီစင်' စာအုပ်နဲ့ စာမူခပေးပွဲအခမ်းအနားမှာ ဆရာပြောသွားခဲ့တဲ့ စကားတစ်ခွန်းပါ။ 'စကားပြေနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ ဆရာတွေထဲမှာ ရုပ်ရှင်မင်းသား ချတ်စ်နောရစ်လည်းပါတယ်' ဆိုတဲ့ စကားကို ပြည့်ပြည့်စုံစုံ ရှင်းပြပေးပါဆရာ။

ဖြေ ➤ ဟုတ်တယ်။ စကားပြေနဲ့ပတ်သက်လာရင် ရုပ်ရှင်မင်းသားချတ်စ်နောရစ်ဟာ ကျွန်တော့်ဆရာတစ်ဦးပါပဲ။ အခုတော့ စကားပြေတင်မကတော့ဘူး။ စကားပြောနေရင်းတောင် စိတ်ပါလက်ပါဖြစ်လာရင် ချတ်စ်နောရစ်ရဲ့ ကရာတေးကတ်တွေအတိုင်း စကားပြောရစ်သမ်ထဲမှာ ပါပါသွားသလားပဲ။

ကျွန်တော့်မှာ အကျင့်တစ်ခုရှိတယ်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေပေါ့။ စာရေးဆရာတွေရဲ့ စာတွေ(စာရေးဟန်တွေ)ကို သတိထားဖတ်ရှုပြီး ကိုယ့်တစ်ဦးတည်း ခန့်မှန်းတွက်ချက်တတ်တဲ့အကျင့်ပါ။ ဆရာနိုင်ဇော်ရဲ့ ဝါကျတွေကိုကြည့်ပြီး သူဟာ တောင်ပေါ်သားတစ်ဦးဖြစ်ရမယ်ဆိုတာမျိုး။ သူရေးတတ်တဲ့အကြောင်းအရာကို ကြည့်ပြောတာမဟုတ်ဘူးနော်။ သူ့အရေးအသား၊ သူ့ဝါကျတွေကို ကြည့်ပြောတာ။

အခြား စာရေးဆရာတွေကိုလည်း ဒီလိုပဲ။ သူတို့ရဲ့ စာရေးဟန်တွေကိုကြည့်ပြီး ဒီဆရာဟာ ပန်းနာရင်ကြပ်ရောဂါရှိလောက်တယ်။ ဒီဆရာကတော့ တွေဝေတဲ့လူတစ်ဦးဖြစ်တယ် စသဖြင့်ပေါ့လေ။ တကယ်ဟုတ်၊ မဟုတ် ကျွန်တော်စုံစမ်းမနေပါဘူး။

အဲဒီကနေ ဆက်စပ်ပြီးတော့ပေါ့လေ။ ကျွန်တော်ဟာ အက်ရှင်ကားတွေထဲမှာ ချတ်စ်နောရစ်ကို ကြိုက်တယ်။ သူ့ရဲ့ကရာတေးကတ်တွေကို သဘောကျတယ်။ သိုင်းကားတွေတော့ မကြိုက်ပါဘူး။ ချတ်စ်နောရစ်ရဲ့ တစ်ချက်ပြီး တစ်ချက်၊ သွက်သွက်လက်လက် ထိုးလိုက်တာ။ လှည့်ကန်လိုက်တာ၊ သူ့ရန်သူက ဘယ်လိုမှ မျှော်လင့်မထားနိုင်သေးတဲ့ လျှပ်တစ်ပြက် အတွင်းမှာ လေးငါးဆယ်ချက်ထိုးပြီး ကန်ပြီးသား ဖြစ်သွားတာတွေရဲ့အရသာကို တော်တော်တန်တန် ကောင်းပါတယ်ဆိုပြီး တစ်ဦးနဲ့တစ်ဦး ဂုဏ်ယူပြောဆိုနေကြတဲ့ အချစ်ကားတွေထက် ပိုပြီး ကျွန်တော်ကြိုက်တယ်။ အဲဒီလို တစ်ချက်တည်းလို့ ထင်ရလောက်တဲ့ အချိန်အတွင်း ဆက်တိုက်ဆက်တိုက် ထိုးသွင်းလိုက်တဲ့ လက်သီးချက်တွေဟာ ကျွန်တော့်အာရုံထဲမှာ စွဲနေပြီ။

စကားပြေတစ်ခု ချရေးတဲ့အချိန်မှာ အဲဒီအတိုင်း အထပ်ထပ်၊ ထပ်ထပ်ပြီးတော့ ဝါကျတွေကို ပစ်သွင်းရတာ စိတ်ထဲမှာ သိပ်အရသာရှိတာပဲ။ ဒါကလည်း အပိုဒ်တိုင်းတော့ မဟုတ်ပါဘူး။ သူ့အကြောင်းအရာနဲ့ လိုက်ဖက်တဲ့ဝတ္ထုခံစားမှုအရှိန်နဲ့ ကိုက်ညီမယ့် အခါမျိုးမှသာ သုံးတာပါ။

အဲဒီအခမ်းအနားမှာတုန်းက ပြောခဲ့တဲ့အချိန်နဲ့လည်း သက်ဆိုင်တဲ့ 'ကမ်းဝေးခဲ့ပြီ' ဝတ္ထုမှာ အဲဒီနည်းတွေပါမယ် ထင်တာပဲ။

မေး ➤ စာပေစကားဝိုင်းတစ်ခုမှာ ပြောခဲ့ကြတဲ့ စကားပါဆရာ၊ ခံစားနေတတ်ရုံနဲ့ ကဗျာဆရာ မဖြစ်နိုင်ဘူး။ ဘာသာဗေဒမကျွမ်းကျင်ရင် အ,အ အိပ်မက်သလို ဖြစ်နေလိမ့်မယ်တဲ့။ အဲဒီတော့ ကဗျာဆရာတစ်ဦးဖြစ်ဖို့ ခံစားမှုကပဲ ပိုပြီး အရေးကြီးသလား၊ ဘာသာဗေဒကပဲ ပိုပြီး အရေးကြီးသလား။ ခံစားမှုနဲ့ ဘာသာဗေဒနှစ်ခုစလုံး ရှိနေရင်ကော ကဗျာဆရာ ဖြစ်နိုင်ပြီလား ဆရာ။

ဖြေ ➤ အဲဒီမေးတာ ခင်ဗျားဘက်က တစ်စုံတစ်ရာ လိုအပ်နေတယ်လို့ ကျွန်တော်ထင်တယ်။ အတိအကျမမှတ်မိပေမယ့် ဆရာကြီးတွေ ပြောဆိုခဲ့ကြတဲ့ စကားဝိုင်းကို ကျွန်တော်လည်း ဖတ်တော့ ဖတ်လိုက်ရပါတယ်။ ဆရာကြီးတွေ တကယ်တမ်းပြောဆိုခဲ့ကြတဲ့ စကားနဲ့ အာဘော်ချင်း လွဲနေရင် ကျွန်တော်တို့မှာ အပြစ်ကြီးလေးလှပါတယ်။

ကျွန်တော်မှတ်မိသလောက် ပြန်ပြောရရင် 'ခံစားမှု' လို့ ပြောခဲ့တဲ့ ဆရာကြီးကလည်း ခံစားမှုမှ ခံစားမှု၊ အခြားဘာမှ အရေးမကြီးဘူး။ အဲဒီလိုရည်ရွယ်ခဲ့တာ မဟုတ်နိုင်ပါဘူး။ 'ဘာသာဗေဒ' လို့ ပြောခဲ့တဲ့ ဆရာကြီးတွေကလည်း ရှင်းပါတယ်။ သူတို့စကားထဲမှာကို ပါနေတာပဲ။ ခံစားမှုရှိနေရုံနဲ့ မပြီးဘူး။ ဘာသာဗေဒလည်း လိုတယ်ဆိုတာ။ နှစ်ခုစလုံးလိုတယ်လို့ သူတို့ဆိုလိုတာပေါ့။ ခံစားမှုရော၊ ဘာသာဗေဒရော နှစ်ခုစလုံး အရေးကြီးတယ်ပေါ့ဗျာ။

ခံစားမှုနဲ့ ဘာသာဗေဒ နှစ်ခုစလုံးရှိနေရုံနဲ့ ကဗျာဆရာဖြစ်ပြီလား---ဟုတ်လား။ ဒါကိုတော့ ခင်ဗျားကိုယ်ပိုင်မေးခွန်းလို့ပဲ ထားလိုက်ပါတော့။ ဒီနှစ်ခုစလုံး ရှိနေရုံနဲ့က ကဗျာဆရာဖြစ်ပြီလို့တော့ မယူဆနိုင်ဘူးပေါ့လေ။ အနည်းဆုံးတစ်ခုခုတော့ လိုဦးမှာပဲ၊ နှစ်ခု၊ သုံးခုလည်း လိုချင်လိုမှာပေါ့လေ။ အတတ်ပညာဗျာ၊ ကဲ--- အတတ်ပညာတစ်ခုတော့ အနည်းဆုံးလိုကိုလိုရမယ်။

ခံစားမှုလည်းရှိ၊ ဘာသာဗေဒကလည်း ကျွမ်းကျင်ပေမယ့် အတတ်ပညာမပါဘူးဆိုရင်တော့ လက်ဖက်ခြောက် အကောင်းအစား၊ နှံ့ဆီအကောင်းစားတွေ သုံးထားပေမယ့် အချိုးအစား တည့်အောင် ဖျော်စပ်မထားတဲ့ လက်ဖက်ရည်တစ်ခွက်ကို သောက်ရသလိုပဲနေမှာပေါ့။

မေး ➤ ဒီနေ့ခေတ် မြန်မာစာပေနဲ့ပတ်သက်ပြီး ဝတ္ထုတိုရဲ့ အခြေအနေ၊ ဝတ္ထုတိုအမျိုးအစား၊ ဝတ္ထုတိုရဲ့ပုံသဏ္ဍာန်နဲ့ ဝတ္ထုတိုရဲ့ သဘောတရား ပြီးတော့ ဝတ္ထုတိုဝေဖန်ရေး ဆရာတွေအပေါ် ဆရာ့အမြင်နဲ့ ဆရာ့ဝတ္ထုတိုတွေရဲ့ အနေအထား အဲဒါတွေကို ဆရာယုံကြည်သလို ထင်မြင်ချက်ပေးစေချင်တယ်။

ဖြေ ➤ ဟိုက်ရှားပါး။---များလှချည်လားဗျ။ တကယ်တော့ ဒီမေးခွန်းတွေဟာ ကျွန်တော်နဲ့ သိပ်မထိုက်တန်လှအောင်ကိုပဲ ကြီးကျယ်များပြားလွန်းပါတယ်။ သူတေသနသမားတွေ၊ သဘောတရားဆရာတွေ။ ဝေဖန်ရေးဆရာတွေမှ ပိုပြီး ပြည့်ပြည့်စုံစုံ ဖြေနိုင်မယ့်မေးခွန်းတွေပါ။

မေး ➤ မှန်ပါတယ်ဆရာ။ ဒါပေမဲ့ လက်တွေ့ဝတ္ထုရေးနေတဲ့ ဆရာတစ်ဦးအနေနဲ့လည်း ကိုယ်ဖြတ်သန်းနေရတဲ့ ခေတ်တစ်ခေတ်အပေါ် ထင်မြင်ချက် တစ်စုံတစ်ရာပေးနိုင်လိမ့်မယ်လို့ မျှော်လင့်မိလို့ပါ။ ပြည့်စုံတာ၊ မပြည့်စုံတာ အကြောင်းမဟုတ်ပါဘူး။ အဲ---အမှား၊ အမှန်ကိုတော့ ဆရာပဲ တာဝန်ယူရမှာပေါ့။ (ဟဲဟဲဟဲ---)ဆရာရေးခဲ့ဖူးတယ်မဟုတ်လား။ လူမည်းလက်ဖွေ့သမား ဂျိုးလူးဝစ်ပြောခဲ့ဖူးတဲ့စကားလေ၊ မင်းပြေးချင်ရင်ပြေးနိုင်တယ်။ ပုန်းနေလို့တော့ မရဘူး။။

ဖြေ ➤ ဟုတ်ပါပြီ။ အင်း---အခုတော့ ခင်ဗျားလုပ်ငန်းကို တကယ်ပဲစပြီဆိုပါတော့။ ကျွန်တော်ဟာ ကြယ်တံခွန်တစ်ခုပဲဖြစ်မလား၊ နေတစ်စင်းပဲဖြစ်မလား။ အားလုံးဟာ ပွန်းပဲ့သွားနိုင်သပေါ့လေ။ ဘာပဲဖြစ်ဖြစ် ကြယ်တံခွန်တစ်ခုဟာ သူ့အစိတ်အပိုင်းတွေ ဆုံးရှုံးသွားနိုင်တာ မှန်ပေမယ့် သူရှင်သန်တည်ရှိနေကြောင်း သက်သေပြဖို့ နေရှိရာဆီ ဦးတည်ပြီး သူဟာ သွားကိုသွားမှာပါပဲ။

မေး ➤ ဟုတ်ပြီဆရာ။ အဲဒီတော့ ဒီနေ့ခေတ် မြန်မာစာပေနဲ့ ပတ်သက်ပြီး---

ဖြေ ➤ ဝတ္ထုတိုတွေရဲ့ အခြေအနေလား--- ကောင်းပါတယ်။ တချို့ဟာတွေကျတော့ အကောင်းလွန်နေသလားပဲ။ တချို့ဝတ္ထုတွေကျတော့လည်း ကောင်းပါတယ်ဆိုတဲ့ အဆင့်မီဖို့ တော်တော်လေးကောင်းအောင် ကြိုးစားဖို့ လိုနေသေးတာ တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာဝတ္ထုတိုသမားတွေ ကြိုးပမ်းအားထုတ်နေတာတွေ့ရလို့ စိတ်ချမ်းသာပါတယ်။

နောက်တစ်ချက်ပြောရရင်တော့ ဒီကနေ ဝတ္ထုတိုတွေဟာ စာဖတ်သူတွေရဲ့ကြားမှာ ဟုန်း---ဟုန်း---ဟုန်းလို့ ဖြစ်နေတာအမှန်ပဲ။ ဒါကိုပဲ ရွှေခေတ်လို့ ပြောကြသလား မသိဘူး။ ဝတ္ထုတိုရေးသမားတွေ သတိတရားလက်ကိုင်မထားရင်တော့ သက်တမ်းတိုမှာ အမှန်ပဲ။

ဝတ္ထုတိုအမျိုးအစားနဲ့ ပတ်သက်ပြီး ခွဲခြားရရင်တော့ ပထမဆုံး ပြောနိုင်တာက ဝတ္ထုတိုမှာ အတုနဲ့အစစ်နှစ်မျိုးရှိတယ်။ အဲ---အတုဟာ ဘယ်လိုဟာတွေ၊ အစစ်ဟာ ဘယ်လိုဟာတွေဆိုတာ သူများရေးတာတွေကို ဖယ်ပြီး(သိပေမယ့်) မပြောရဲသလို ကျွန်တော်ရေးတာတွေကျတော့လည်း ဘယ်ဟာအတု၊ ဘယ်ဟာ အစစ်ဆိုတာ ကိုယ့်ကိုယ်ကို(မသိသည့်အတွက်)ခွဲခြားပြီး မပြောနိုင်တာ ခွင့်လွှတ်ပါတော့။

နောက်တစ်ချက်က မြန်မာဝတ္ထုတိုအမျိုးအစားကို အကြောင်းအရာပေါ်မူတည်ပြီး ခွဲခြားရရင် နံပါတ်(၁)အချစ်နဲ့အိမ်ထောင်ရေး ဝတ္ထုတွေပဲဖြစ်လိမ့်မယ်။ နံပါတ်(၂)ကတော့ မြို့ပြရော၊ ကျေးလက်ပါနှစ်ခုစလုံး အကျုံးဝင်တဲ့ လူဆင်းရဲနောက်ခံဘဝ သရုပ်ပြဝတ္ထုမျိုးတွေပေါ့။ နံပါတ်(၃)က ရုံးလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ စက်မှုလုပ်ငန်း စသည်တို့ကို အခြေခံထားတဲ့ ကျွမ်းကျင်မှုသရုပ်ပြ ဘဝအထွေထွေ ဝတ္ထုတွေပါ။ နံပါတ်(၄)က စိတ်ခံစားမှုကို ဦးစားပေးတဲ့ ဝတ္ထုတွေ။ အဲဒီနံပါတ်(၄)ထဲမှာတော့ အချစ်တို့၊ ဘဝတို့၊ လောကအမြင်တို့ ဆိုတာတွေပါနိုင်သပေါ့။ နံပါတ်(၅)ကတော့ မရှိသလောက် ရှားပါးနေတဲ့ ဟာသနဲ့ စုံထောက်ဝတ္ထုပေါ့ဗျာ။

နောက်တစ်ချက်တိုးချင်သပဆိုရင် တိုးနိုင်သေးတာက အယူဝါဒ၊ ဒဿနတစ်ခုခုကို ဦးတည်ပြီး ရေးတဲ့ဝတ္ထုပေါ့။ ကိုယ်ဖတ်ဖူးထားတဲ့ အယူအဆ၊ ဒဿနတစ်ခုခုကို ဝတ္ထုဘောင်ထဲ ဇွတ်ထွက်ထည့်ရေးတာမျိုး။ ဥပမာ-အတ္တဘဝအမှန်ဝါဒတို့၊ ဗုဒ္ဓဝါဒတို့ကိုပေါ့။ အတ္တဘဝအမှန်ဝါဒဆိုတဲ့ ဒဿနအတွေးအခေါ် အယူအဆတစ်ခုဟာ သူများနိုင်ငံမှာ စာပေအနုပညာပုံစံနဲ့ အောင်မြင်ခဲ့တဲ့အတွက် ပြီးတော့ သိပ်ပြီးခေတ်မီတယ်လို့လည်း ထင်မြင်ယူဆ၊ စာပေလောကမှာ ပေါ်ပြူလာဖြစ်ခဲ့တဲ့အတွက် ဝတ္ထုလုပ်ပြီး ဇွတ်ဖန်တီးနေကြတာမျိုးတွေ တွေ့လာရတတ်တယ်။

စာပေဆိုတာလည်း ကိုယ်ယုံကြည်တဲ့ ဒဿနတစ်ခုကို အနုပညာပုံစံနဲ့ ဖန်တီးတင်ပြရတာပဲလို့ ဘယ်လိုဒဿနကို ကိုင်စွဲကိုင်စွဲ အပြစ်တင်စရာမရှိပါဘူး။ဒါပေမဲ့ သူများထက် ခေတ်မီဖို့ အရေးအတွက် ကိုယ်ကြားဖူးနားဝပဲရှိတဲ့ ဒဿနတစ်ခုကိုတော့ ဝတ္ထုပုံစံထဲ ဇွတ်ဖန်တီးမထည့်သင့်ပေဘူး။

တချို့ကတော့ ဇွတ်ဖန်တီးရတာမျိုးမဟုတ်ဘဲ။ အဲဒီအယူအဆကို တကူးတက လေ့လာဖတ်ရှုရတာမျိုးတောင်မဟုတ်ဘဲ သူ့လူမှုရေးဘဝ၊ သူ့အတွင်းခံစိတ်ဆန္ဒနဲ့ ထပ်တူကျပြီး အလိုအလျောက် ဘောင်ဝင်သွားတာမျိုးကတော့ တအားကောင်းပါတယ်။

ပိုင်စိုးဝေ

လင်းနို့၏ မှတ်စု

ဝတ္ထုတိုပေါင်းချုပ်-၂





# ရုပ်ရှင်ကဏ္ဍ

ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာတော့ စိတ်ဝင်စားစရာကောင်းပြီး(၁၉၃၀ ခုနှစ်)ဝန်းကျင်မှာ ဇာတ်အိမ်တည်ထားတဲ့ ဇာတ်လမ်းမျိုးမှ ကြိုက်နှစ်သက်တဲ့သူတွေအတွက် သဘင်သည်မြနှင်းဆီ- The Beginning ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

## သဘင်သည်မြနှင်းဆီ- The Beginning



**ရုပ်ရှင်အကျဉ်း**

ရုပ်ရှင်ဇာတ်ကားကြီးဟာ နှစ်ပေါင်းများစွာ မကျွတ်မလွတ်ဘဲရှိနေတဲ့ အငြိမ့်မင်းသမီးသရဲအကြောင်း ရိုက်ကူးထားတဲ့ 'သဘင်သည်မြနှင်းဆီ' ရုပ်သံဇာတ်လမ်းတွဲရဲ့ Prequel ရုပ်ရှင်ကားကြီးပဲ ဖြစ်ပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားကြီးမှာတော့ မြနှင်းဆီတစ်ယောက် အငြိမ့်မင်းသမီးဘယ်လိုဖြစ်လာခဲ့လဲဆိုတဲ့အကြောင်းကို သိရမှာဖြစ်ပြီး သူမရဲ့ ငယ်ဘဝ၊ သူမရဲ့မိသားစု၊ သိပ်ကိုရက်စက်ကြမ်းတမ်းလှတဲ့ သူမရဲ့ မေမေ(မြစမ်းကြည်)ရဲ့ ရက်စက်၊ ခက်ထန်၊ ကြမ်းတမ်းလှတဲ့ ဇာတ်လမ်းကို ကြည့်ရှုရမှာ ဖြစ်ပါတယ်။

ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာ ကိုဆက်၊ စိန်ငွေး ရုပ်ရှင်ထုတ်လုပ်ရေး၊ ဇာတ်လမ်း-ကိုဆက်နှင့် အင်ကြင်းစံ၊ ဇာတ်ညွှန်း-အင်ကြင်းစံ၊ စီစဉ်သူ-ဒေါ်ရင်ရင်စန်း၊ ဓာတ်ပုံ- လင်းသိန်းတို့က ရိုက်ကူးပုံဖော်ထားပြီး နာမည်ကြီးရုပ်ရှင်သရုပ်ဆောင် မေမီကိုကို၊ ဟင်နရီစံ၊ ထူးမြတ်၊ စင်ဒီမြတ်တို့က အဓိကပါဝင်သရုပ်ထားပြီး အခြားနာမည်ကြီး သရုပ်ဆောင်များစွာနဲ့အတူ စိတ်ဝင်စားစရာဇာတ်လမ်း၊ ဇာတ်ကွက်တွေကို ရိုက်ကူးတင်ဆက်ထားပါတယ်။

ဘိလပ်ပြန်သူဌေးသမီးလေး 'မြစမ်းကြည်'ရဲ့ မထီမဲ့မြင်ပြုမှုတွေ၊ ပေါက်ကွဲမှုတွေ၊ ရက်စက်ကြမ်းတမ်းမှုတွေကို အသဲတယားယားကြည့်ရှုရမှာဖြစ်ပြီး မန္တလေးမြို့မှာဆိုရင်တော့ Win Lite Cinema,Mingalar Central point, Mingalar Masoeyein Complex, Mingalar Cinema Yama(Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

**ရွှက်နဝေ**

## အသိပညာပေးဟောပြောပွဲ ကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၇**

နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီက ကျင်းပရာ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးလွင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ခြင်းနှင့်အနာဂတ်အကြောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးဘေးအန္တရာယ်အကြောင်း၊ ရွှေမြို့နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ထွန်းနိုင်ဝင်းက မှုခင်းကျဆင်းရေးအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




**အသက်သည် ဈေး၊ ဈေးသည် အသက်။**



## ခရိုင်အဆင့် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း ဧသီဒါခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဝင်းမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့်၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အဖွင့်အမှာစကားပြောပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် Video Clip ပြသပြီး အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အမေး၊ အဖြေကဏ္ဍ ဆောင်ရွက်ပြီး အမေး၊ အဖြေကဏ္ဍတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၉၃)**

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## နန်းစံရွှေသွေး မြို့မန္တလေး

* နန်းဟန်မူ ခေတ်ရှည်ပြုပါလို့
အမျိုးဂုဏ်စု မြို့မဟာ။
အရှေ့ဘက်မယ် ရှမ်းတောင်တန်း
စိမ်းစိုလွှမ်းကာ။
အနောက်အရပ် မြစ်ရော
ရစ်ခွေစွာ ပိုက်ကာထွေး။
ရွှေနန်းတော် ကျုံးလေးဘက်
ဝိုင်းလျက် ရွှေအသွေး။


* "အောင် ကျော် ချမ်း အေး"မန္တလေးလို့
တဘောင်ပေး မြို့နန်းအမည်။
တစ်ထောင့်နှစ်ရာ နှစ်ဆယ့်တစ်
ကုန်းဘောင်ခေတ်တည်။
ဇာတိဂုဏ်ပြ နန်းဟန်သည်
သိမ်မွေ့ရည် သန့်စင်ကြ။
သာသနာ ရောင်ဝါလွှမ်းလို့
အေးချမ်းသာစွ။

* ညိုပြာညက် အသားရောင်ခပေမယ့်
ကြည်လင်လှ စိတ်နေအစဉ်။
နှုတ်ချိုသာ ပြောဆိုကျူး
ရွှင်မြူးခင်မင်။
ဒုဋ္ဌဝတီမြစ် ရေအလျဉ်
ကွေ့ဝိုက်ဆင် စီးဆင်းပြူ။
အညာမြေ စိမ်းစိုဝင်းသမို့
ပြည့်လင်းဂုဏ်စု။

* ဟိုဝေးဝေးက မှန်းမျှော်ရှုပါလ
ဖွံ့ဖြိုးမှု ရွှေအဆင်းရည်။
ရောင်ဆေးခြယ် စုတ်ချက်မှန်း
ရှုံးရပေသည်။
နန်းဟန်သွေးနဲ့ စံထားတည်
မြန်မာပြည် ဂုဏ်ရောင်ထွန်း။
တို့ထီးနန်း တို့ကြွင်နန်းကိုလ
(ဂန္ထဝင် ကလောင်လက်ရယ်နဲ့)
ဆင့်ထမ်းဖော်ညွှန်း။ ။

**သူ့ထက်ဆန်း(မန္တလေး)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Yamada The Samurai Of Ayothaya မှာ ထိုင်း + ဂျပန်ဆာမူရိုင်း ဇာတ်ကားဖြစ်

ထိုင်းလူမျိုးများ၏ မျိုးချစ်စိတ်ဓာတ်ကို အခြေပြုရိုက်ကူးထားသည့် King Naresuan ကား၏ကျောထောက်နောက်ခံ ထိုင်း + ဂျပန်ဆာမူရိုင်းဇာတ်ကား Yamada The Samurai Of Ayathaya ဖြစ်သည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဂျပန်ဆာမူရိုင်းတစ်ဦးဖြစ်သည့် ရာမဒါနာဂါမာဆာဟာသည် အယုဒ္ဓယနှင့် တိုင်းတစ်ပါးကြေးစားစစ်သားတစ်ဦးဖြစ်ပြီး ရာဇဝတ်သားများကို နှိမ်နင်းသည့် ဂျပန်ကြေးစားအဖွဲ့မှ သူနှင့်ဆန့်ကျင်ဘက်ဖြစ်ကာ သတ်ရန်ကြိုးစားရာမှ ထိုင်းနိုင်ငံသို့ထိုင်းလူမျိုးများကယ်တင်ပေးခဲ့ရာမှ ရောက်ရှိလာသည်။

တိုင်းတစ်ပါး ထိုင်းနိုင်ငံတွင် ဂျပန်လူမျိုးတစ်ဦးဖြတ်သန်းနေထိုင်ရသည့် အခက်အခဲများကို ပုံဖော်ပြီး ပလွေသံလေးဖြင့် မိခင်တိုင်းပြည်လွမ်းဆွေးပုံကို ထိုင်း + ဂျပန်တွဲ၍ ရိုက်ကူးပုံဖော်ထားသည်။

(SKY)

## Zhao Liying က Douyin အနုပညာရှင်စာရင်းတွင် ထိပ်ဆုံးရရှိ



တရုတ်အနုပညာထုတ်လုပ်သည့် ကုမ္ပဏီ Dougin ၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ကျော်ကြားသူ အမျိုးသမီးအနုပညာရှင်များစာရင်းတွင် ကျန့်လီယင်းက ထိပ်ဆုံးနေရာရရှိထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် ကျန့်လီယင်း၊ ကျန်းလူဆီ၊ လျူရိဖိန်း၊ ဒီလ်ရီဘာဒီမူရတ်၊ ဘိတ်လျူတို့ ထိပ်ဆုံး ၅ ဦးစာရင်းဝင် ဖြစ်ခဲ့ကြသည်။

ယောင်းဇီ၊ ယောင်းမီ၊ ကျန့်ရှုနမ်၊ ဂျူဂျင်းရီ၊ အက်စတာယူ၊ အန်ဂျလာဘေဘီနှင့် ဝူအန်ရှောင်တန်တို့က နံပါတ်ခြောက်မှ တစ်ဆယ့်နှစ်နေရာရရှိထားကာ ပရိသတ်ကြားရေပန်းစားသော အနုပညာရှင်များ ဖြစ်ခဲ့ကြသည်။

(SKY)

## V ၏ Type1 Photobook ကမ္ဘာတစ်ဝန်း ရောင်းအားကောင်း

ကမ္ဘာတစ်ဝန်းရောင်းအားအကောင်းဆုံး ဓာတ်ပုံစာအုပ်ဖြစ်ခဲ့သည် ဗွီ(ခေါ်)ကင်ထယ်ယောင်း၏ Type1 မှာမိနစ်ပိုင်းအတွင်း ကုန်ခဲ့ပြီး အော်ဒါမှာသူများခဲ့ကာ အကြိမ်များစွာ ပြန်ထုတ်နေရပြီး ဂျပန်တွင်ထိပ်ဆုံးနေရာရောက်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ထယ်ယောင်းက စတိတ်စင်ပေါ်မှ ဗွီအနေဖြင့်မဟုတ်ဘဲ ကင်ထယ်ယောင်းအနေနှင့် သူ့ပုံစံ၊ သူ့သဘာဝ၊ သူဖြစ်တည်မှုအတိုင်း ချပြပြီး သူအနားယူနေသည့် အခိုက်အတန့်တွင် ပရိသတ်များ မျှဝေခံစားနိုင်ရန် Photobook ပုံစံဖန်တီးထားသည်။




ပရိသတ်နှင့် အနုပညာရှင်ကြား ပိုမိုရင်းနှီးစေရန်လိုအပ်သည်ဟု ယူဆ၍ သူ့စိတ်ကူးအတိုင်းချပြရဲသည့်သတ္တိ အနုပညာရှင်၊ နှစ်နှစ်တာကြိုတင်ပြင်ဆင်ထားပြီး ချပြခဲ့ခြင်းဖြစ်သည်။

လမ်းသစ်စတင်ခဲ့သည့် Type-1 သည် လတ်ဆတ်၍မည်သူမျှ ချမပြဖူးသည့်အရာဖြစ်၍ လူငယ်လူကြီးမရွေး လာရောက်ကြည့်ရှုအားပေးထားကြရာ နိုင်ငံအနှံ့ ဓာတ်ပုံပြပွဲတွင်ပါ အောင်မြင်မှုရရှိထား၍ သူ၏အင်တာတိန်းမင့်ဟောဘီက စီစဉ်ပေးထားသည့်အတွက် ငွေရှာပေးသောကင်ထယ်ယောင်းဟု မှတ်ချက်ပေးထားကြသည်။

(SKY)

## G Dragon ၏ ဂန္ထဝင်တွင်သည့် ပြောစကားများ ပရိသတ်ထံ မျှဝေထား

ကေပေါ့ပ်ဘုရင်ဟုတင်စားထားသော ဘစ်ဘန်းအဖွဲ့ခေါင်းဆောင်ဟောင်းဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်၏ ဂန္ထဝင်တွင်သည့်ပြောစကားများကို စုစည်း၍ ပရိသတ်ထံ မျှဝေပေးထားသည့် အမာခံပရိသတ်များရှိသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်၏ ဂန္ထဝင်တွင်သည့်စကားများတွင် "ကျွန်တော်တို့တွေကြောက်ရမှာက ကျဆုံးမှုမဟုတ်ဘူး စိန်ခေါ်မှု၊ စွန့်စားမှု အသက်တွေကိုရင်ဆိုင်နိုင်တဲ့ ရင်ဆိုင်ရဲတဲ့ သတ္တိမရှိတော့မှာကိုသာ ကြောက်ရမှာပါ။ကျွန်တော်က အစစ်အမှန်ကိုပဲ ပြချင်တယ်။ သူများတွေက ကျွန်တော်ကို မြင်စေချင်တဲ့ ပုံစံမျိုး ကျွန်တော်မလုပ်ချင်ဘူး။ (ဂီတ)"

"တေးဂီတက Universe ဘာသာစကားပါ။ ဂီတက လူတွေကို ပေါင်းစည်းနိုင်တဲ့စွမ်းအားရှိပါတယ်။ ကမ္ဘာပေါ်မှာ အလှဆုံးလူဆိုတာ အလှဆုံးနှလုံးသားကို ပိုင်ဆိုင်ထားသူလို့ ထင်တယ်။ အောင်မြင်ကျော်ကြားမှုကြောင့် ကျွန်တော်တို့ကို သိကြပေမယ့် ကျွန်တော်တို့က ဒုက္ခတွေကြောင့် သိခဲ့ရတာပါ။ အောင်မြင်ချင်တဲ့နည်းလမ်းက မင်းကိုမင်း ယုံကြည်ပါ။ စိန်(ခေါ်)ပါ၊ နောက်ဆုံးထိ အစွမ်းကုန်ကြိုးစားပါ။ မင်းရဲ့စံပြပုဂ္ဂိုလ်က မင်းရဲ့ပြိုင်ဘက်ဖြစ်လာတဲ့အထိ ကြိုးစားလိုက်စမ်းပါ။ မင်းကိုမုန်းနေတဲ့လူ မနာလိုတဲ့လူတွေကို အောင်မြင်မှုနဲ့သတ်ပြီး အလှဆုံးအပြုံးနဲ့ သင်္ဂြိုဟ်လိုက်ပါ။ မုန်းတီးတာထက် လျစ်လျူရှုလိုက်တာ ပိုကောင်းပါတယ်"ဟု ခွန်အားစကားများဖြစ်သည်။



(SKY)

## ကင်ဆာရောဂါဆန်းစစ်ပေးနိုင်မည့် မှတ်ဉာဏ်တုစနစ် ဟားဗတ်ဆေးကျောင်းမှ ပညာရှင်များ တီထွင်ဖန်တီး



မှတ်ဉာဏ်တုသည် လူ၏မှတ်ဉာဏ်အစစ်ထက် အချက်အလက်ပေါင်းများစွာကိုသိမ်းကာ ပြန်လည်စီမံခန့်ခွဲသည့်နေရာတွင်သာလွန်သည်ဟု ယနေ့ခေတ် သိပ္ပံပညာရှင်အများစု အသိအမှတ်ပြု လက်ခံထားကြသည်။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် စက်ရုံအလုပ်ရုံများစွာတို့၌ မှတ်ဉာဏ်တုထည့်သွင်းထားသော စက်ရုပ်လက်တံများဖြင့် ကုန်ထုတ်လုပ်နေကြသည်။ ဆေးသိပ္ပံပညာနယ်ပယ်တွင်လည်း အလားတူ မှတ်ဉာဏ်တုကို အသုံးပြုလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု ဟားဗတ်ဆေးကျောင်းမှ ပညာရှင်များမကြာသေးမီက ကင်ဆာရောဂါများကို ဆန်းစစ်ပေးနိုင်မည့် မှတ်ဉာဏ်တုစနစ် တီထွင်ဖန်တီးနိုင်ခဲ့ကြသည်။

ချက်ဂျီပီတီနှင့် ခပ်ဆင်ဆင်တူသော ထိုမှတ်ဉာဏ်တုစနစ်တွင် ကင်ဆာ ၁၉ မျိုးကို ခွဲခြမ်းသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(SCI)

## Wang Yi Bo မွေးနေ့အမှတ်တရအဖြစ် ဂျပန်တွင် Hidden Blade မှုရင်းကို ပြသထား



ဂျပန်နိုင်ငံတွင် ဝမ်ရိဘိုမွေးနေ့အမှတ်တရအဖြစ် Hidden Blade မှုရင်းဇာတ်လမ်းကို ပြသခဲ့ရာ ပရိသတ်များ ရုပ်ရှင်တွင်မပါသည့် အခန်းများကြည့်ခဲ့ရ၍ နှစ်ခြိုက်နေကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ဒါရိုက်တာချောင်အာက မှုရင်းဝတ္ထုအဆုံးသတ်အတိုင်း ရိုက်ကူးရန် ဝမ်ရိဘို၏သရုပ်ဆောင် Mr Ye ကို နှမြောသံဖြင့် ဘုံကျောင်းထဲ၌သက်ပြင်းတစ်ချက်နှင့်အတူ အာဃာတအားလုံးကို လွှတ်ချစေခဲ့သည်ဟုဆိုကာ မှုရင်းဝတ္ထုတွင် မစ္စတာရီမှာ လမ်းပေါ်တွင် လုပ်ကြံခံရပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။

အမေရိကန်တိုင်းမ်မီဒီယာကပင် တသက်တာထူးချွန်ဆုရှင် တိုနီလောင်၏ လွှန်ခဲ့သော ဆယ်စုနှစ်ကို တခမ်းတနားမြင်ရသလိုဟု ညွှန်းဆိုထားကာ ဝမ်ရိဘိုမှာ ယင်းရုပ်ရှင်နှင့် တရုတ်နိုင်ငံ၏ အမြင့်ဆုံးဆု Golden Rooster Award နှင့် အာရှ၏အမြင့်ဆုံးရုပ်ရှင်ဆု APA ဆုကို ပွဲဦးထွက်ရုပ်ရှင်နှင့် ဆန်ခါတင်ဝင်ခဲ့၍ ဂျပန်နိုင်ငံက အထူးဂုဏ်ပြုပေးခဲ့ခြင်း ဖြစ်သည်။

(SKY)

## Jeon Somin က Studio Santa Clause နှင့် စာချုပ် ချုပ်ဆို

အနုပညာရှင်မင်းသမီး ကျောင်ဆိုမင်သည် နာမည်ကြီးအနုပညာရှင်များစွာရှိသည့် Studio Santa Clause အင်တာတိန်းမင့်နှင့် စာချုပ် ချုပ်ဆိုထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျောင်ဆိုမင်နှင့် စာချုပ် ချုပ်ဆိုထားသည့် အင်တာတိန်းမင့်တွင် နာမည်ကျော်အနုပညာရှင် ချိုင်ဂျီဂူး၊ လီဆောင်ကွမ်း စသည့် အနုပညာရှင်များ ရှိကြသည်။

ကျောင်ဆိုမင်က အေဂျင်စီအသစ်နှင့် လက်တွဲ၍ အနုပညာအလုပ်အသစ်များ လုပ်ကိုင်သွားမည်ဖြစ်သည်ဟု ပရိသတ်ကို အေဂျင်စီက သတင်းထုတ်ပြန်ပေးထားသည်။

(SKY)



# စာတတ်မြောက်ရေးသည် လွန်စွာအရေးကြီး

စားဝတ်နေရေးဟူသည့် လူသားတို့၏ အရေးသုံးပါးကို ဆောင်ရွက်နေကြသူတိုင်း စာတတ်မြောက်ရေးသည် လွန်စွာအရေးကြီးလှသည်။ထို့ကြောင့်ပင် စာမတတ်လျှင် အကန်းနှင့်တူသည်ဟုပင် ခိုင်းနှိုင်းလေ့ရှိကြသည်။စာပေဗဟုသုတရှိသောသူ မျက်စိနှစ်ကွင်း အလင်းရသူနှင့် ခိုင်းနှိုင်းလေ့ရှိကြသည်။စာပေမှရသော အသိဉာဏ်တို့ဖြင့် ဘဝကိုမှန်မှန်ကန်ကန်တည်ဆောက်ကာ အကျိုးစီးပွားဖြစ်ထွန်းပြီး အေးချမ်းစွာနေထိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် "ပညာမျက်စိ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွားမမြော်၊ ကျိုးမပေါ်သား" ဟု ရှိုင်းသူမြတ်က ရေးဖွဲ့ထားသည်။အသိ၊အတတ်ထိုနှစ်ရပ်ကို ပေးစွမ်းနိုင်သော သဘောရှိသည့် စာပေတတ်မြောက်ရေးသည် လွန်စွာအရေးကြီးပေသည်။ စာတတ်ရန်လိုသည်။ အဝတ်အနေချို့တဲ့သော်လည်း စာမချို့တဲ့ရန် အရေးကြီးသည်။

၂၀၂၄ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်မှာ "အပြန်အလှန် နားလည်မှုနှင့်ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန် လိုအပ်လို့ ဘာသာစကားစုံ ပညာရေးကို မြှင့်တင်ကြပါစို့" ဖြစ်သည်။

အီရန်နိုင်ငံတီဟီရန်မြို့၌ ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ ဦးဆောင်တက်ရောက်သည့် ၁၉၆၅ခုနှစ်၊ စက်တင်ဘာ ၈ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ ၁၂ရက်ကြာ ကျင်းပခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်မှ နှစ်စဉ် စက်တင်ဘာ ၈ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့(International Literacy Day)အဖြစ်သတ်မှတ်ခဲ့ပြီး ၁၉၆၆ ခုနှစ်မှစတင်ကာ ယူနက်စကိုအဖွဲ့က ဦးဆောင်လျက် စာတတ်မြောက်ရေးနေ့ အခမ်းအနားများကိုကျင်းပခဲ့သည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်းကို စာမတတ်သူများအဖြစ်မှ ကင်းလွတ်၍ စာတတ်မြောက်လာအောင် တွန်းအားတစ်ရပ်အဖြစ်လုပ်ဆောင်သည့် နေ့တစ်နေ့လည်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်လူမှုရေးကဏ္ဍတွင် တစ်နိုင်ငံလုံး အသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေးဟူသော ဦးတည်ချက်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးတွင် လူတိုင်းပါဝင်သင်ကြားနိုင်အောင် ကျောင်းသင်ပညာရေး(Formal Education)နှင့်အတူ ကျောင်းပြင်ပပညာရေး(Non-Formal Education) တို့ဖြင့်ပါ သင်ကြားနိုင်အောင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကျောင်းပြင်ပပညာရေးဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားခဲ့ရသူများ၊ကျောင်းမနေခဲ့ဖူးသူများနှင့် စာမတတ်သူများအတွက် အသက်အုပ်စုများခွဲခြားသတ်မှတ်ပြီး စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးလျက်ရှိသည်။ အဆိုပါစဉ်ဆက်ပညာရေးအစီအစဉ်၌ ပါဝင်သည့် တန်းညှိပညာရေးအစီအစဉ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်နှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များကို သင်ကြားပေးပြီးနောက် လုပ်ငန်းခွင်များသို့ချိတ်ဆက်ပို့ဆောင်ခြင်း၊ကျောင်းသင်ပညာရေးဖြစ်သည့် အခြေခံပညာရေးသို့အတန်းကူးပြောင်း၍ တက်ရောက်စေခြင်းတို့ကို ဖော်ဆောင်ရန်ဖြစ်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့်အတိုင်း ကျေးလက်ဒေသများနှင့်အစွန်အဖျားဒေသများပါမကျန် ကျောင်းသင်ပညာရေးနည်းလမ်းများအပြင် ကျောင်းပြင်ပပညာရေးနည်းလမ်းများဖြင့် ပြည်သူများအတွက် အတန်းပညာတတ်မြောက်ရေး၊ စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့်တန်းညှိပညာရေး အစီအစဉ်များပါဝင်သော ကျောင်းပြင်ပမူလတန်းပညာရေး၊ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်များနှင့် ဘဝတစ်သက်တာ သင်ယူမှုများရရှိနိုင်အောင် ပညာရေးဝန်ကြီးဌာနနှင့်ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စေတနာရှင်အလှူရှင်များ၏ ပါဝင်မှုတို့ဖြင့် လူတိုင်းအတွက် ပညာရေးကို ဝိုင်းဝန်းဖော်ဆောင်ပေးရမှာဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀)တွင် ကျောင်းပြင်ပရောက် ကလေးငယ်များအတွက် ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရေးနှင့် စာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးအစီအစဉ်များကို လုပ်ငန်းစီမံချက်များချမှတ်၍ နှစ်အလိုက်တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကျောင်းပြင်ပရောက် ကလေးသူငယ်များ များပြားနေခြင်း၊ စာမတတ်သူဦးရေ များပြားနေခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်သန်းခေါင်စာရင်းအရ အသက်၁၅နှစ်နှင့်အထက် စာမတတ်သူဦးရေ ၃ ဒသမ၅ သန်းရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားနိုင်ခဲ့သည့် ကလေးသူငယ် ၂ ဒသမ ၇ သန်း ရှိသည်။

မြန်မာနိုင်ငံရှိ ၁၅ နှစ်နှင့်အထက် စာမတတ်သူများကို နှစ်အလိုက်လျှော့ချနိုင်ရေးအတွက် အမျိုးသားပညာရေး အထူးစီမံကိန်းများတွင် ထည့်သွင်းရေးဆွဲ အစီအစဉ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားတိုင်း စာတတ်မြောက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများနည်းတူ နိုင်ငံအတွင်းရှိ အခြေခံမူလတန်းပညာပြီးမြောက်အောင်မသင်ကြားခဲ့ရသော ကျောင်းနေအရွယ်လွန်ကလေးများ၊ စာမတတ်သူလူငယ်များနှင့် လူကြီးများအတွက် စာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များကို မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် လုပ်ငန်းအစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)တွင် အခမဲ့ အခြေခံပညာရေးကို ဦးတည်ဆောင်ရွက်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေးအတွက် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ နိုင်ငံသားတိုင်းကို ပြောင်းလဲလာသော ခေတ်စနစ်၏ လိုအပ်ချက်အရ KG+9 ဖြစ်သော အခြေခံပညာအလယ်တန်းဆင့် ပညာရေးပြီးမြောက်ရေး၊စိုက်ပျိုးရေးပညာနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများဖြစ်လာစေရန် ဆက်လက်သင်ယူသွားနိုင်ရေး ဦးတည်လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်က ကောက်ယူခဲ့သည့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ စာတတ်မြောက်မှုရာခိုင်နှုန်း ပျမ်းမျှအားဖြင့် ၉၂ ရာခိုင်နှုန်းခန့်သည် စာတတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီဖြစ်သည်။

နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး စာမတတ်သူအများစုမှာလည်း ကျေးလက်ဒေသတွင် ရှိနေသည်။ စာမတတ်ခြင်း၊ ပညာရေးနိမ့်ကျခြင်းတို့မှာ အပြန်အလှန်ဆက်စပ်လျက်ရှိရာ စာမတတ်သူများကို စာသင်ပေးခြင်း၊ ပညာတတ်မြောက်စေရန်အတွက် လူသားအကျိုးပြုလုပ်ငန်းနှင့် စာတတ်မြောက်ရေးလုပ်ငန်းများနှစ်အလိုက် ဆက်လက်သင်ကြားပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

**အောင်မင်းဦး(မန္တလေးနေ့စဉ်)**

## အခြေခံစားသောက်ကုန်များကို ပြည်သူများထံသို့ သက်သာသောဈေးနှုန်းဖြင့် အပတ်စဉ် ရောင်းချပေးလျက်ရှိ

**အောင်လံ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ဦးဆောင်၍ ပြည်သူများ အဆင်ပြေစေရန် အခြေခံစားသောက်ကုန်နှင့် သား၊ ငါးများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ယမန်နေ့ နံနက် ၇ နာရီက တရော်ကုန်းရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့တွင် ရောင်းချပေးခဲ့သည်။

ရောင်းချပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ အောင်လံမြို့နယ် ကုန်သည်ကြီးများအသင်းတို့က မြို့နယ်အတွင်းရှိ ပြည်သူများအား အခြေခံစားသောက်ကုန်နှင့် သား၊ ငါးများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ၁၇ အိတ်၊ ဆီတစ်ပိဿာ ငွေကျပ် ၇၃၀၀နှုန်းဖြင့် ပိဿာ ၁၂၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၃၀ နှုန်းဖြင့် အလုံး ၇၀၀၊ ကြက်သား တစ်ပိဿာ ငွေကျပ် ၁၄၀၀၀နှုန်းဖြင့် ပိဿာ ၂၀၊ ဝက်သားတစ်ပိဿာ ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ၁၅ ပိဿာ၊ ဆိတ်သားတစ်ပိဿာ ငွေကျပ် ၁၆၀၀၀၊ အမဲသားတစ်ပိဿာ ငွေကျပ် ၁၃၀၀၀ စသည့် အခြေခံစားကုန်နှင့် သား၊ငါးများကို သက်သာသောဈေးနှုန်းဖြင့် စဉ်ဆက်မပျက် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



(ဓါပုံ)

**မျိုးသိန်း(ပြန်/ဆက်)**

## မြို့မဈေးတွင် ရာသီစာ ခဝဲသီးများ လှိုင်လှိုင်ပေါ်

**နတ်မောက် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ မြို့မဈေးကြီးတွင် ကျေးလက်ဒေသထွက် ခဝဲသီးများ လှိုင်လှိုင်ပေါ်ပြီး ဈေးနှုန်းချိုသာသည့်အတွက် စားသုံးသူများ၊ ဝယ်ယူမှုများကြောင်း ရောင်းချသူ မစုထံက သိရသည်။

"ခဝဲသီးတစ်တောင့်ကို ငွေကျပ် ၂၀၀-၃၀၀ ပဲဆိုတော့ ဝယ်စားသူတွေ အဆင်ပြေတယ်။ ကုန်ဈေးနှုန်းတွေတက်နေတဲ့အချိန်မှာ အခုလို မီးဖိုချောင်သုံး ဟင်းချက်စရာ ဈေးလေးတွေချိုတော့ စားပျော်တာပေါ့။ စိုက်ပျိုးတဲ့ တောင်သူတွေအနေနဲ့ မိမိတို့ရဲ့ ခြံစည်းရိုးများတွင် စိုက်ပျိုးထားရှိပြီး ခဝဲနွယ်များအား မြေဆီဩဇာ၊ ပိုးသတ်ဆေးပက်ဖျန်းစရာမလိုဘဲ ရေလောင်းပေးရုံဖြင့် ရောင်းချရသည့်အတွက် တွက်ခြေကိုက်ပါတယ်။ အိမ်နောက်ဖေး ဈေးဆိုင် တည်ဆိုသလိုပေါ့ဗျာ။ မိမိအိမ်ရဲ့ မီးဖိုချောင်ဟင်းစားရသလို ပိုလျှံတဲ့အသီးများကို မြို့မဈေးသို့ တင်ပို့ရောင်းချတဲ့အတွက် စားဝတ်နေရေးအတွက်လည်း အပိုဝင်ငွေရတာပေါ့"ဟု စိုက်ပျိုးသူက ပြောသည်။

**(အောက်ပုံ) မှူမှူစန်း**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မလေးရှားလေကြောင်းလိုင်းမှ အဲဘတ်စ်လေယာဉ်၌ အင်ဂျင်ပြဿနာကို ချက်ချင်းဖြေရှင်းနိုင်ခဲ့သည်ဟုဆို

**ကွာလာလမ်ပူ စက်တင်ဘာ ၇**

မလေးရှားလေကြောင်းလိုင်းမှ အဲဘတ်စ် အေ ၃၅၀-၉၀၀ အမျိုးအစား ခရီးသည်တင်လေယာဉ်၌ စက်တင်ဘာ ၆ ရက်က အင်ဂျင်ပြဿနာကြုံတွေ့ခဲ့ရာ ဥရောပလေကြောင်းပျံသန်းမှုဘေးကင်းလုံခြုံရေးအဖွဲ့၏ ညွှန်ကြားချက်အတိုင်း ချက်ချင်းဖြေရှင်းနိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက ထိုလေယာဉ်အမျိုးအစားများရှိ ဖိအားမြင့်လောင်စာပိုက်များတွင် ပြဿနာတွေ့ရှိခဲ့ရာမှ အဆိုပါအဖွဲ့က ပြုပြင်ထိန်းသိမ်းနည်းကို လမ်းညွှန်ပြသပေးခဲ့ခြင်းဖြစ်သည်။

ကာသေးပစိဖိတ်လေကြောင်းလိုင်းမှ အဲဘတ်စ်လေယာဉ်အင်ဂျင်အတွင်းပိုင်း မီးလောင်မှုဖြစ်ပွားပြီးနောက် အခြားလေကြောင်းလိုင်းများတွင် ယင်းလမ်းညွှန်ချက်အတိုင်း အရေးပေါ်ပြုပြင်ထိန်းသိမ်းခဲ့ကြသည်။

ထိုလေယာဉ်နောက်မှ ထုတ်လုပ်ခဲ့သော အေ ၃၅၀-၁၀၀၀ အဲဘတ်စ်လေယာဉ်များ တစ်ကမ္ဘာလုံးတွင် ၈၆ စင်းရှိရာ ၎င်းတို့ကိုလည်း စစ်ဆေးပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀




## အသက် ၃၈ နှစ်အရွယ် ပေတုန်တန်ရှီနာဝါထရာ ထိုင်းဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

**ဘန်ကောက် စက်တင်ဘာ ၇**

စက်တင်ဘာ ၆ ရက်က အသက် ၃၈ နှစ်အရွယ် ပေတုန်တန်ရှီနာဝါထရာ ထိုင်းဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဘန်ကောက်မြို့တော်ရှိ ဘုရင့်နန်းတော်၌ ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ ရှေ့တော်မှောက်၌ တံခါးပိတ်အခမ်းအနားဖြင့် ၎င်းကျမ်းသစ္စာ ကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

ထိုင်းဘုရင်မင်းမြတ်က ပေတုန်တန်ရှီနာဝါထရာ ဦးဆောင်ဖွဲ့စည်းထားသော အစိုးရဝန်ကြီးအဖွဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ယင်းအစိုးရအဖွဲ့ကို ၃၆ ဦးဖြင့် ဖွဲ့စည်းထားပြီး အမျိုးသမီးရှစ်ဦး ပါဝင်ကြောင်း ဝန်ကြီးချုပ် ပေတုန်တန်ရှီနာဝါထရာက သတင်းစာရှင်းလင်းပွဲတွင် မိတ်ဆက်ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## နိုင်ငံတိုင်း လည်ပတ်ဖူးသည့် အမေရိကန်နိုင်ငံသား သူလျှိုမဟုတ်ကြောင်း သက်သေပြခဲ့ရ

**ဝါရှင်တန် စက်တင်ဘာ ၇**

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းကို လည်ပတ်ဖူးသည့် အမေရိကန်နိုင်ငံသား အင်ဒီနယ်လ်ဆင်အနေဖြင့် ၎င်းမှာ သူလျှိုတစ်ဦးမဟုတ်ကြောင်း လေးကြိမ်တိုင်တိုင် သက်သေပြခဲ့ရဖူးသည်ဟု တိုင်းမ်စ်နောင်းသတင်းဌာနက ဖော်ပြသည်။

နယ်လ်ဆင်ကို အီရန်၊ လစ်ဗျား၊ ပါပူဝါနယူးဂီနီနှင့် ရုရှားနိုင်ငံတို့တွင် သူလျှိုဟု သံသယရှိ၍ ထိန်းသိမ်းကာ စစ်ဆေးမေးမြန်းခံရဖူးသည်။

၎င်းမှာ လေကြောင်းကုမ္ပဏီအများဆုံးစီးနင်းခဲ့ဖူးသည့် မှတ်တမ်းဖြင့် ဂင်းနစ်စ်ကမ္ဘာ့စံချိန်တင်ထားသူတစ်ဦးလည်း ဖြစ်ကြောင်း သိရသည်။ **WYN**

## ဗီယက်နမ် အိမ်ခြံမြေသူဌေး ထရောင်မေလန် ငွေကြေးခဝါချမှုဖြင့် သေဒဏ်ချမှတ်ခံရ

**ဟနွိုင်း စက်တင်ဘာ ၇**

ဗီယက်နမ် အိမ်ခြံမြေသူဌေး ထရောင်မေလန် ငွေကြေးခဝါချမှုဖြင့် ယခင်ပတ်နှောင်းပိုင်းက သေဒဏ်ချမှတ်ခံခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဧပြီလကတည်းက လိမ်လည်မှု၊ ငွေကြေးခဝါချမှုစွဲချက်များဖြင့် ထိန်းသိမ်းခံခဲ့ရသော အမျိုးသမီးလုပ်ငန်းရှင် ထရောင်မေလန်ကို စစ်ဆေးပြီးနောက် ကြံရာပါ ၃၃ ဦးကို ဖော်ထုတ်နိုင်ခဲ့သည်။

ထရောင်မေလန်နှင့် ထိုကြံရာပါများကို စက်တင်ဘာ ၁၉ ရက်တွင် ရုံးထုတ်စစ်ဆေးဦးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

**လူစီးနင်းလိုက်ပါခြင်းမပြုဘဲ အပြည်ပြည်ဆိုင်ရာ အာကာသစခန်းမှ ကမ္ဘာမြေပေါ်သို့ စက်တင်ဘာ ၇ ရက်တွင် ပြန်ရောက်လာသော စတားလိုင်နာ အာကာသယာဉ်အစိတ်အပိုင်းကို တွေ့ရစဉ်။ Mon**



## အင်အားပြင်းထန်သော ယာဂီတိုင်ဖုန်းမုန်တိုင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်လာ

**ဟနွိုင်း စက်တင်ဘာ ၇**

အင်အားပြင်းထန်သော ယာဂီဟု အမည်ရသည့် အပူပိုင်းတိုင်ဖုန်းမုန်တိုင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်းသို့ စက်တင်ဘာ ၇ ရက်က ဝင်ရောက်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နံနက်မိုးမလင်းမီ အရှိန်ပြင်းစွာဖြင့် တိုက်ခတ်လာသော ယင်းမုန်တိုင်းဒဏ်ကြောင့် သစ်ပင်များ ထောင်နှင့်ချီ၍ အမြစ်မှကျွတ်ထွက်ကာ ကမ်းစပ်ရှိ မော်တော်များနှင့် လှေငယ်များလည်း လှိုင်းပုတ်ခံရကာ ပင်လယ်ထဲသို့ မျောပါသွားခဲ့သည်။

ဗီယက်နမ်နိုင်ငံကို ဖြတ်သန်းစဉ် ထိုယာဂီမုန်တိုင်း၏ အပြင်းထန်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၄၉ ကီလိုမီတာဖြစ်ကြောင်း ဒေသခံမိုးလေဝသ ပညာရှင်များ တိုင်းတာသိရှိခဲ့သည်။

တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းတွင် လူနှစ်ဦး သေဆုံးကာ ၉၂ ဦး ဒဏ်ရာရစေခဲ့သော အဆိုပါမုန်တိုင်း၏ အဖျက်စွမ်းအားကြီးမားမှုကို ဗီယက်နမ်နိုင်ငံတွင်လည်း ကြုံတွေ့ရနိုင်သည်ဟု ခန့်မှန်းထားသည်။

ယာဂီမုန်တိုင်းဘေးမှ ရှောင်ရှားနိုင်ရန် ဒေသခံ ၅၇၄၀၀၀ ဦးခန့်ကို တရုတ်နိုင်ငံ ကွမ်တောင်းပြည်နယ်တွင် သက်ဆိုင်ရာက ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ **Mon**



## ဂျော်ဂျီယာစာသင်ကျောင်း သေနတ်ပစ်မှုအတွက် ကိုလင်ဂရေးနှင့် ကော့ထ်ဂရေး သားအဖကို ကြားနာ


**ဝါရှင်တန် စက်တင်ဘာ ၇**

မကြာသေးမီက အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ် ဝင်းဒါးမြို့ရှိ အပလာချီစာသင်ကျောင်း၌ဖြစ်ပွားသော သေနတ်ပစ်မှုအတွက် အဓိကသံသယရှိသူများဖြစ်သည့် ကိုလင်ဂရေးနှင့် ကော့ထ်ဂရေး သားအဖကို စက်တင်ဘာ ၆ ရက်က ဘာရိုးစီရင်စုနယ် တရားရုံးတွင် ပထမအကြိမ် စစ်ဆေးကြားနာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၁၄ နှစ်အရွယ် ကော့ထ်ဂရေးက ဖခင် ကိုလင်ဂရေး၏ ရိုင်ဖယ်သေနတ်ကို ကိုင်ဆောင်ကာ အဆိုပါစာသင်ကျောင်း၌ သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားပြီးနောက် ရဲအရာရှိများက ဆယ်ကျော်သက်အရွယ် ပြစ်မှုကျူးလွန်သူ ကော့ထ်ဂရေးကို ဂိုင်နက်စ်ဗီးလ်ဒေသဆိုင်ရာ လူငယ်ပြုပြင်ရေးစခန်း၌ ထိန်းသိမ်းခဲ့သည်။

ကော့ထ်သည် အသက်မပြည့်သေးသဖြင့် ၎င်းကျခံရမည့် ပြစ်ဒဏ်ကို ခန့်မှန်းရခက်သော်လည်း ဖခင် ကိုလင်ဂရေးကို ပြစ်မှုထင်ရှားစီရင်မည်ဆိုလျှင် ထောင်ဒဏ် နှစ် ၁၈၀ အထိ ကျခံရဖွယ်ရှိကြောင်း သိရသည်။ **Mon**



STOP AIDS

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၃)၊ ဦးပိုင်အမှတ်(၃၀) မြေကွက်သည် ဦးအောင်ဝင်း အမည်ဖြင့်ချထားပေးသောမြေကွက် ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ တောင်အစွန်ဆုံးခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိသော မြေနှင့်အိမ်၊ ရေ၊ မီး အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မိမိလေးထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရောင်းချသော မြရည်နန္ဒာအိမ်ရာ ဦးလင်းခိုင်(၉/အမဇ(နိုင်)၀၂၇၀၉၁) အမည်ပေါက်(မမ-၁၆)၊ တိုက်(၁၉)၊ အခန်း(၀၀၈)၊ မြေညီထပ်တိုက်ခန်းအား ကျွန်မ ဒေါ်နိုင်မေကျော်(၉/ကဆန(နိုင်)၁၁၄၆၈၄)က အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဆောက်လုပ်ရေးအိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)သို့ တိုက်ခန်းတန်ဖိုးငွေအားလုံးကို (၂၉-၇-၂၀၂၄)ရက်က အပြေအကြေပေးဆပ်ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါ ကျွန်မမှ အဆိုပါတိုက်အခန်း၏ အမည်ပေါက်စာအုပ်အား ထုတ်ယူရန်အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နိုင်မေကျော် (ဘ)ဦးကျော်မြင့်(၉/ကဆန(နိုင်)၁၁၄၆၈၄)**
**မမ-၁၆၊ တိုက်-၆၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၅၇၉၄၄၁၂၀**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ-မုခ်ဦးတန်းရပ်နေ ဦးဇော်ဇော်ထွန်း(၉/ခမစ(နိုင်)၀၂၉၁၈၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရောင်းချသူ ဒေါ်တင့်တင့်(၉/ခမစ(နိုင်)၀၈၆၆၀၇)မှ ၄င်းပိုင်ဆိုင်သည်ဟု အဆိုရှိသည့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ-ငွေဇင်ရပ်ကွက်၊ အကွက်(၄၇၈)၊ ဦးပိုင်အမှတ်(၂၃)ရှိ အရှေ့အနောက်(တောင်ဘက်အခြမ်း) (၁၈)ပေ၊ အရှေ့အနောက်(မြောက်ဘက်အခြမ်း) (၁၂)ပေနှင့် တောင်မြောက် (၄၅)ပေရှိသည့် မြေကွက်အလွတ်နှင့် ၄င်းမြေကွက်၌ တွယ်ကပ်ဆက်စပ်သွယ်တန်းလျက်ရှိသည့် မြေပေါ်မြေအောက်ရှိ ပစ္စည်းအရပ်ရပ်တို့အား လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ကြိုတင်စရန်ငွေများအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်ရှိပါက အထောက်အထားပြသည့် စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤသတင်းစာကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးနေမင်းထွန်း(ခ)ဦးနေနွယ်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၁၂)**
**အကွက်(၆၀၉)၊ ဟေမာစလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဆက်သွယ်ရန်ဖုန်း ၀၉-၇၈၆၄၆၇၉၁၉၊ ၀၉-၂၅၉၄၂၇၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၂၁၁)၊ ဧရိယာ(၁၇×၃၅)ပေ အကျယ်အဝန်းရှိ တောင်ဘက်လှည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံ (၂)ထပ်အိမ်၊ ရေ+မီးမီတာ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးသန်း (ဘ)ဦးကံစိန်(၉/မရမ(နိုင်)၀၀၂၁၂၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ယင်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မိုးမြတ်မွန် (LL.B,D.B.L,D.I.L) (တရားလွှတ်တော်ရှေ့နေ)**
**၂၉လမ်းနှင့်လမ်း၃၀ကြား၊ မြို့ပတ်လမ်းအရှေ့ဘက်၊ ကန်ကောက်အရှေ့ရပ်ကွက်၊**
**နန်းဦးလွင်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၀၂၇၄၀၉၂၆၊ ၀၉-၉၆၄၀၄၀၉၂၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ဦးပိုင်(က/၇၁+၇၂)၊ ဧရိယာ(၀ ဒသမ ၀၃၈)ဧက အကျယ်အဝန်းရှိ ဒေါ်ကေဇင်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံး အပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိအမည်ဖြင့် ဂရန်အမည်ပေါက်ရှိပြီး လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ထားသော ဂရန်မြေကွက်ဖြစ်ပါကြောင်း၊ ဝန်ခံကတိပြုပြီး တရားဝင် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြု ရောင်းချသူ ဒေါ်ကေဇင်ဝင်း (ဘ)ဦးဝေမျိုးသန့်(၉/အမဇ(နိုင်)၀၆၂၈၂၉)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၆၆)**
**၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၃၉လမ်းနှင့်လမ်း၄၀ကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၀၉၉၇၇၈၈ ၊ ၀၉-၉၇၂၉၀၇၇၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၅)၊ ဦးပိုင်(၅၇)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်မြစန္ဒီငြိမ်း အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အဆောက်အအုံ (၁)လုံး အပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက ဂရန်အမည်ပေါက်သူ ဒေါ်မြစန္ဒီငြိမ်းထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်၊ နိုတာရီပါဝါအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဒေါ်စန်းစန်းမွန် (ဘ)ဦးတင်မြ(၉/မရတ(နိုင်)၁၂၇၃၈၀)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၆၆)**
**၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၃၉လမ်းနှင့်လမ်း၄၀ကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၀၉၉၇၇၈၈ ၊ ၀၉-၉၇၂၉၀၇၇၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်(၅၁)၊ ဧရိယာ(၀ ဒသမ ၀၅၁)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်သန်း အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ဧရိယာ အရှေ့-အနောက် ပေ(၂၀)နှင့် တောင်-မြောက် ပေ(၆၀)=(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံး အပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက ဂရန်အမည်ပေါက်သူ ဦးမောင်မောင်သန်းထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြု ရောင်းချသူ ဒေါ်သီတာဝင်း (ဘ)ဦးစိန်လိုက်(၉/မနတ(နိုင်)၁၀၃၇၉၃)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၆၆)**
**၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၃၉လမ်းနှင့်လမ်း၄၀ကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၀၉၉၇၇၈၈ ၊ ၀၉-၉၇၂၉၀၇၇၈၈**

## ကန့်ကွက်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်(၆၅၀)၊ ၃၇လမ်းနှင့်၃၈လမ်းကြား၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ တိုက်အမှတ်(၂၈၇/၁၈)နေသူများဖြစ်သော ဒေါ်ရွှေစင်ကျော်ဝင်း(ဘ)ဦးကျော်ကျော်ဝင်း(၉/မဟမ(နိုင်)၀၃၂၉၂၄) နှင့် ဦးဟိန်းမင်းကျော် (ဘ)ဦးကျော်ကျော်ဝင်း(၉/မဟမ (နိုင်)၀၃၇၈၄၈)တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်။

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၆၅၀)၊ ၃၇(အေ)လမ်း၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ ဦးပိုင်အမှတ်(၂၀)၊ အိမ်အမှတ်(၂၇၇/၁၂)၊ ပေ(၂၀×၆၀)ခန့် အကျယ်အဝန်းရှိ မြေနှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံသည် ဦးရွှေနှင့် ဒေါ်သန်းတင်တို့ ပိုင်ဆိုင်ခဲ့သော ပစ္စည်းရပ်များဖြစ်ပြီး ဦးရွှေသည် လွန်ခဲ့သော (၂၃)နှစ်ခန့်ကလည်းကောင်း၊ ဒေါ်သန်းတင်သည် လွန်ခဲ့သော (၃)နှစ်ခန့်ကလည်းကောင်း အသီးသီးကွယ်လွန်သွားပြီးဖြစ်ပါသည်။ ဦးရွှေနှင့် ဒေါ်သန်းတင်တို့မှ သားသမီး (၈)ဦး မွေးဖွားခဲ့ပြီး ၄င်းတို့မှာ (၁)ဒေါ်အေးမိစံ၊ (၂)ဦးမျိုးချစ်၊ (၃)ဒေါ်စိုးစိုးကြည်၊ (၄)ဦးကျော်ကျော်ဝင်း၊ (၅)ဒေါ်ဝါဝါရွှေ၊ (၆)ဒေါ်ချယ်ရီရွှေ၊ (၇)ဒေါ်နုနုရွှေ၊ (၈)ဦးကျော်မျိုးရွှေတို့ဖြစ်ပြီး ဒေါ်အေးမိစံနှင့် ဦးကျော်ကျော်ဝင်းတို့မှာ မိခင်ဖြစ်သူ ဒေါ်သန်းတင် မကွယ်လွန်မီ ကွယ်လွန်သွားပါသည်။ ဦးကျော်ကျော်ဝင်း၏ အမွေဆက်ခံသူများအဖြစ် ယခုကြေညာသူများ အပါအဝင် သားသမီးများဖြစ်သော (၁)ဒေါ်ရွှေစင်ကျော်ဝင်း၊ (၂)ဦးဟိန်းမင်းထက်၊ (၃)ဦးဟိန်းမင်းကျော်၊ (၄)ဒေါ်ချစ်စုကျော်ဝင်းတို့ ကျန်ရှိပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံသည် ယခုကြေညာသူများလည်း အမွေရရှိပိုင်ဆိုင်ခွင့်ရှိသော ပစ္စည်းများဖြစ်ပါ၍ ယခုကြေညာသူ ဒေါ်ရွှေစင်ကျော်ဝင်းနှင့် ဦးဟိန်းမင်းကျော်တို့ သိရှိသဘောတူညီခြင်းမရှိဘဲ အထက်ဖော်ပြပါ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဆုံးရှုံးနစ်နာမှုအရပ်ရပ်အတွက် ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် အသိပေးကန့်ကွက်ကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူများ** | **လွှဲအပ်ချက်အရ –** |
| **ဒေါ်ရွှေစင်ကျော်ဝင်း (ဘ)ဦးကျော်ကျော်ဝင်း** | **ဒေါ်ပြုံးပြုံးရီ(LL.B)** **ဒေါ်မြမြသက်(LL.B)** |
| **(၉/မဟမ(နိုင်)၀၃၂၉၂၄)** | **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** |
| **ဦးဟိန်းမင်းကျော် (ဘ)ဦးကျော်ကျော်ဝင်း** | **၃၉လမ်း၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊** |
| **(၉/မဟမ(နိုင်)၀၃၇၈၄၈)** | **မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း ၀၉-၂၀၁၈၃၄၇၊ ၀၉-၂၅၉၀၅၈၃၄၂** |

❖ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ကြမ်းများ၊ သွင်းအားစုများ ပြည့်မီစွာရရှိရေးပင်ဖြစ် ...

❖ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးမှ ရရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် သေချာသည့်ကုန်ထုတ်လုပ်ငန်းပင်ဖြစ်သဖြင့် ကုန်ကြမ်းများကိုနည်းပညာများအသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များ၊ ရေသယံဇာတများကို ထိန်းသိမ်းပေးသည့်အတွက် အလွန်အဖိုးတန် တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် အမြဲမပြတ် ပြုစုထိန်းသိမ်းစောင့်ရှောက်ရန် အလွန်အရေးကြီး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၆) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၄ သို့ ◆



## မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်း Kasem Bundit University အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်

အာရှယူ-၂၀ ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံတွင် ခြေစမ်းခရီးစဉ်ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းသည် ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် လာမည့် စက်တင်ဘာ ၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ထိုင်းလိဂ်-၃ ကလပ် Kasem Bundit University အသင်းနှင့် Windmill Football Training Ground တွင် training match ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၂၀ အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် KBU အသင်းသည် ထိုင်းလိဂ်-၃ တွင် ပါဝင်ကစားနေသည့် အသင်းတစ်သင်းဖြစ်ပြီး ထိုင်းကစားသမားအများစုကို အခြေခံ၍ နိုင်ငံခြားသားကစားသမားများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော အသင်းတစ်သင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ထိုင်းလိဂ်-၃ Bangkok Metropolitan region ၏ အဆင့် ၅ တွင် ရပ်တည်ခဲ့သော အသင်းဖြစ်ပါသည်။

(NGB)

၀-၀-၀-၀-၀